
မိတ်ဆွေစာပေ

# အယောင်ဆောင် သူရဲကောင်း

နှင့်

## အခြားပုံပြင်များ



အရှင်ဉာဏိန္ဒ
(ဘီအေ-သမိုင်း)

မိတ်ဆောင်းကျွမ်းမှု၊ ထမ်းဆောင်ညွှန်ရှိ
များလှန်အကျိုး ရှုတ်သယ်ပိုးမ်း၊
မိတ်ဆွေစာပေ


ဖြန့်ချိရေး
မိတ်ဆွေစာပေ
အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း - ၀၉ ၂၅၀၆၆၁၃၀၁၃၊ ၀၉ ၇၉၉၇၄၄၃၃၉၃

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၂၀ မတ်လ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၃၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - | ဦးကံကောင်း |
| ကွန်ပျူတာ | - | ချယ်ရီမေ |
| အတွင်းဖလင် | - | ADORN၊ |
| ထုတ်ဝေသူ | - | ဦးတင်ထွေးအောင်(၀၁၃၃၇)<br>သုံးလောကစာပေ၊ အမှတ်(၂၁)အေ၊<br>မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊<br>အင်းစိန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)<br>စိုးမေတ္တာပုံနှိပ်တိုက်<br>အမှတ်(၁၇)၊ ၅၆ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |

အရှင်ဉာဏိန္ဒ(ဘီအေ-သမိုင်း) ၃၉၈.၂
အယောင်ဆောင်သူရဲကောင်းနှင့် အခြားပုံပြင်များ၊
အရှင်ဉာဏိန္ဒ(ဘီအေ-သမိုင်း)၊ ရန်ကုန်မြို့။
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၂၀။
၁၂၀-စာ၊ ၁၂ x ၁၈ စင်တီ

# အယောင်ဆောင်သူရဲကောင်း

နှင့်

# အခြားပုံပြင်များ

အရှင်ဉာဏိန္ဒ(ဘီအေ - သမိုင်း)

# မာတိကာ


| | | |
|---|---|---|
| ၁။ | အတွင်းသားကို အပြင်ထုတ်ပြီသော ပုဏ္ဏား | ၃ |
| ၂။ | မင်္ဂလာအတုံ့အလှည့် | ၈ |
| ၃။ | သေရွာပြန်ပုဏ္ဏား၏ဖြောင့်ချက် | ၁၅ |
| ၄။ | ကျေးငှက်ကန်းသူများ | ၂၃ |
| ၅။ | သူငယ်ချင်းသုံးယောက် | ၃၂ |
| ၆။ | သိကြားမင်းသားအရက်သမား | ၄၃ |
| ၇။ | သညာကောင်း၍ သတိယွင်းရ၏ | ၅၂ |
| ၈။ | သိကြားမင်း၏သေရည်အိုး | ၅၉ |
| ၉။ | ဗူသော်ငြားလည်း | ၇၀ |
| ၁၀။ | မတန်မရာ အစွမ်းပြချင်သူ | ၇၇ |
| ၁၁။ | ဟန္ဒရင်ဝိနီလက | ၈၃ |
| ၁၂။ | မဟာဆန်လွန်းသူ | ၈၈ |
| ၁၃။ | အယောင်ဆောင်သူရဲကောင်း | ၉၄ |
| ၁၄။ | သဗ္ဗဒါဌိကမြေခွေး | ၁၀၄ |
| ၁၅။ | သူတော်စင်ကြီး၏ကောက်ရိုးတစ်မျှင် | ၁၁၄ |

# အတွင်းသားကို အပြင်ထုတ်မီးသောပုရွှား

ရှမကာရီသည် သူပိုင်သမျှသော ဆိတ်များကို တောထဲမှာ ကျောင်းလျက် တောထဲမှာပင် ခြံခတ်၍ထားသည်။

သူကိုယ်တိုင်ကလည်း ရွာသို့ပြန်သည်မရှိဘဲ ပါလာသော ရိက္ခာများကို ချက်ပြုတ်စားသောက်ကာ ဆိတ်များနှင့်အတူ တောထဲမှာပင်နေသည်။

အစပိုင်းက ဆိတ်များကို နံနက်လင်းလျှင် ခြံကထုတ်၍ စားကျက်ကောင်းကောင်းမှာ ကျောင်းရသည်။ ညနေချမ်းကြလျှင် ခြံထဲသို့ ရေတွက်၍ သွင်းရသည်။ ?

နောက်တော့ စူမကာရီကိုယ်တိုင် လိုက်မနေတော့ပေ။ အကျင့်ရပြီဖြစ်သော ဆိတ်များက သူတို့ဘာသာ ရေကြည်ရာမြက်နုရာ ကျက်စားကာ အချိန်ကြလျှင် ပြန်ဝင်လာကြသည်။

စူမကာရီမှာ ခြံဝကအကောင်ရေကို ဂရုစိုက်ကြည့်ရှု ရေတွက်ရုံမျှသာရှိသည်။

တောတွင် အစာရေစာ ပေါများသဖြင့် ဆိတ်များမှာ အသားအရေ တစ်နေ့တခြား ပြည့်ဖြိုးလာကြသည်။

ဆိတ်ကောင်ရေ တိုးပွားလာသည်။

ဆိတ်များမှာ နို့ထွက်သန်လှသည်။

စူမကာရီသည် နေ့တိုင်း ဆိတ်နို့များ အဝသောက်သည်။ ရွာနီးဝန်းကျင်မှ ဝယ်လာသူများကို ရောင်းသည်။ ပိုလျှံသော နို့များကိုကား ထောပတ်ချက်၍ ထားလေ၏။

ဆိတ်နို့၊ ထောပတ်နှင့် ဆိတ်များအကောင်လိုက်ရောင်းရငွေဖြင့် စူမကာရီသည် ပုဏ္ဏားသူကြွယ်လေးတစ်ဦး ဖြစ်လာသည်။

ဤလိုသာ ဆက်လက်ကြီးပွားနေလျှင် မကြာမီ သူဌေးကြီးအဖြစ် ရောက်တော့မည်ဟု စူမကာရီသည် စိတ်ကူးဖြင့် ပြုံးနေမိသည်။

စူမကာရီနှင့် ဆိတ်များ တောထဲမှာ နေခဲ့ကြရာတွင် မိုးကျ

လာသောအခါတွင် သူတို့ မပျော်နိုင်ကြတော့ပေ။ မှက်နှင့်တောခြင်များသည် ဆုပ်၍ပက်သည့်နှယ် ပေါ်များလွန်းလှသည်။

ညအခါ သူတို့ ဝိုင်းအုံကိုက်ခဲသဖြင့် ဆိတ်များမှာ ကောင်းကောင်း မအိပ်နိုင်ကြတော့ပေ။ တစ်ညလုံး ဝရုန်းသုန်းကားဖြစ်နေကြသည်။

ထို့ကြောင့် စူမကာရီက ခြံထဲမှာ မီးဖိုကြီးများ ဖိုပေးထားရသည်။

မီးဖိုကြီးများဖြင့် မှက်ခြင်များကို မှိုင်းတိုက်၍ မောင်းထုတ်ပေးရသည်။ သည်တော့မှ ဆိတ်များ ကောင်းကောင်း အိပ်နိုင်ကြတော့၏။

တစ်ညနေတွင် ဆိတ်များ ပြန်လာသောအခါ တောဆိတ်များရောနှော၍ ပါလာကြသည်။

စူမကာရီ ဝမ်းသာနေသည်။

တောဆိတ်များမှာ သူ၏ရှိရင်းဆိတ်များထက် အသွေးအရောင်လှပသည်။ အကောင်အထည် ထွားကျိုင်းသည်။ အရေအတွက်လည်း များလာသည်။

ကံကောင်းသဖြင့် တစ်နေ့တည်းနှင့် တစ်ဆကျော် တိုး၍လာ၏။

တောဆိတ်များ ရောက်လာသည့်နေ့မှစ၍ ရူမကာရီသည် ရှိရင်းဆိတ်များကို ခါတိုင်းလို ဂရုမစိုက်ချင်တော့ပေ။

မီးဖိုပေးခြင်း၊ ဖွဲနုရေများတိုက်ရာတွင် တောဆိတ်များကိုသာ ဂရုစိုက်နေတော့သည်။

ညနေ ဆိတ်များအပြန်တွင် ရှိရင်းဆိတ်များ အစုံအစေ့ ပြန်လာမလာကို ဂရုစိုက်၍ မရေတွက်မိဘဲ ရှိ၏။

အမှန်ကတော့ ဆိတ်များမှာ မှက်၊ ခြင်ရန်များကြောင့် အကာအကွယ်ရှိ လာခိုကြခြင်းသာဖြစ်သည်။

မိုးကုန်၍ ခြင်များ မှက်များ ပါးသွားသောအခါ သူတို့သည် မြဲသို့ ပြန်မလာကြတော့ပေ။

ရူမကာရီက လိုက်ဖမ်းသောအခါတွင်လည်း အလိုက်ရခက်သည့် တောင်ကြားများသို့ ပြေးကုန်ကြသည်။

တောနက်ရာသို့ တိုးဝင်ကာ ကိုယ်ရောင်ပျောက်၍ ထားခဲ့ကြသည်။

တောဆိတ်များ မရှိပါမှ ရူမကာရီသည် ဆိတ်များကို ရေတွက်၍ ကြည့်မိသည်။

တစ်ဝက်ကျော်ကျော်မျှပင် လျော့နေချေ၏။

ထိုအခါမှပင် -

"ငါကား ... အတွင်းသားကို အပြင်၊ အပြင်သားကို အတွင်း ပြုမိပေသကိုး"

ဟု နောင်တကြီးစွာဖြင့် ညည်းညူမြည်တမ်းလေသတည်း။

(ဗူမတာရီဇာတ်၊ သတ္တကနိပါတ်)

# မင်္ဂလာအတုံ့အလှည့်

မိမိကို သူတစ်ပါးက ပြုခဲ့ဖူးသော ကျေးဇူးကို သိတတ်သည်ဖြစ်၍ အတုံ့အလှည့်ကျေးဇူးဆပ်ခြင်းသည် လောက၏မင်္ဂလာ တစ်ပါးပင် ဖြစ်ပါသည်။

ပြည့်ရှင်မင်းတစ်ပါးသည် ထိုသို့သော မင်္ဂလာကို ပန်ဆင်လိုသည်ဖြစ်၍ နန်းတော်ပြတင်းဝမှ နေ့စဉ်စောင့်မျှော်ခဲ့၏။

သို့သော် တောကျေးလက်မှ ကျေးဇူးရှင်လင်မယားကား ပေါ်မလာကြသေးပါ။

သူ့ရွာသူ့အိမ်က ထွက်လာသည့်နေ့က မိမိစိုးစံရာနေပြည်တော်သို့ တစ်ခါတစ်ခေါက် မရောက် ရောက်အောင် လာခဲ့ကြရန် အထပ်ထပ်မှာထားခဲ့သည်။

လာသောအခါတွင် ...

"မြင်းစီးကြီးအိမ် သွားချင်ပါတယ်"

ဟု တွေ့ရာလူတိုင်းအား မေး၍လာလျှင် အလွယ်တကူ ရောက်ပါလိမ့်မည်ဟု လမ်းညွှန်ပြ၍ ထားခဲ့သည်။

လမ်းညွှန်ပြသူအား ...

"ဆုလာဘ်များစွာ ပေးသနားတော်မူမည်"

ဟုလည်း နေပြည်တော်အတွင်း စည်လည်ထားပြီးဖြစ်သည်။

သို့သော် သူတို့ကား ပေါ်မလာ။

သူတို့သည် သူတစ်ပါးအပေါ် ကျေးဇူးပြုရုံသာ သိတတ်ကြပြီး အတုံ့အလှည့်ကို လုံးဝ မမျှော်လင့်ကြသူများပင်ဖြစ်၏။

တိုင်းစွန်နယ်များ မငြိမ်မသက်ရှိရာတွင် မိမိဦးဆောင်၍ ဗိုလ်ပါ ရဲမက်များနှင့် နှိမ်နင်းခဲ့သည်။

အဆင်မသင့်၍ မိမိ၏တပ်တော်များ ကစဉ့်ကလျား ပျက်ခဲ့ ရ၏။

မိမိသည်လည်း တစ်ဦးတည်း လက်လွတ် ထွက်ပြေးရကာ တောကျေးလက် ရွာတစ်ရွာတွင် ခိုလှုံရတော့၏။

ထိုအိမ်ရှင်လင်မယားတို့သည် မိမိအား ရွှေနန်းရှင်ဘုရင် တစ်ပါးမှန်း မသိပါဘဲလျက် လိုလေသေးမရှိအောင် ကျွေးမွေးပြုစု

စောင့်ရှောက်ကြ၏။

သူ့ရွာသူ့အိမ်မှ ထွက်လာခဲ့ပြီး နေပြည်တော်သို့ ကောင်းမွန်စွာရောက်ခဲ့သည်။

ယခုအခါ တိုင်းစွန်နယ်ဖျားများကို ငြိမ်ဝပ်အောင် ထိန်းသိမ်းထားပြီ ဖြစ်ပါ၏။

စိတ်စေတနာသန့်သန့်ဖြင့် မိမိအပေါ် ပြုလုပ်ခဲ့ကြသော သူတို့၏ ကျေးဇူးကို မိမိက ဆပ်ချင်နေပါ၏။

သို့စဉ်တိုင် သူတို့နှစ်ဦးအနက် တစ်ဦးမျှ ပေါ်မလာခဲ့။ မင်းမိန့်ဖြင့်လည်း သူတို့ကို မခေါ်ယူလိုပါ။ သူတို့ကို ဤရွှေနန်းတော် ရောက်ခါမှ အဖြစ်မှန်ကို အသိပေး၍ ဝမ်းမြောက်စေချင်၏။

မ[illegible]တော့သည့်အဆုံးတွင် ဘုရင်မင်းကြီးသည် သူတို့ရွာကို အခွန်တိုး၍ ကောက်စေတော်မူလိုက်သည်။

သို့တိုင်လည်း သူတို့က ပေါ်မလာကြ။

နောက်တစ်ခါ ထပ်၍ အခွန်တိုးလိုက်ပြန်၏။

ထိုလင်မယားကား မရှိရှိတာ ထုခွဲရောင်းချ၍ အခွန်တော်ကိုသာ ကျေလည်အောင် ထမ်းဆောင်ကြ၏။

မြင်းစီးကြီးနေပါသည်ဆိုသော နေပြည်တော်သို့ တက်၍ အကူအညီတောင်းရန် လားလားမျှ စိတ်ကူးမိပုံ မပေါ်ပေ။

တတိယအကြိမ် အခွန်တော် ထပ်တိုးကောက်လိုက်၏။ ထိုအခါ သူတို့က နေနိုင်သော်လည်း ရွာသူရွာသားများက မနေနိုင်ကြတော့။ သူ့ အိမ်လေးသို့ ဝိုင်းအုံရုံးဖြ၍ လာကြ၏။

"ကဲ ... သူငယ်ချင်း၊ မင်းမိတ်ဆွေ မြင်းစီးကြီးရောက်တဲ့နေ့ကစပြီး ငါတို့ရွာ အခွန်တော် ပိနေပြီ၊ ထပ်ကာတလဲလဲ လာနေတဲ့ အခွန်တော်တွေ ထမ်းနေရတာနဲ့ ငါတို့မှာ ခေါင်းမထောင်နိုင်တော့ဘူး။ ဒီတော့ ဒီအခွန်တော်တွေက လွတ်ငြိမ်းစေဖို့ကို မင်းမိတ်ဆွေ မြင်းစီးကြီးဆီ သွားအကူအညီတောင်းပါဘိလော"

"ကောင်းပြီ ... သူငယ်ချင်းတို့၊ ဒါပေမဲ့ သူ့ဆီသွားတဲ့အခါ လက်ချည်းသက်သက်တော့လည်း မသွားချင်ဘူး၊ သူ့မှာ ကလေးနှစ်ယောက် ရှိတယ်လို့ ပြောတယ်။ တို့အိမ်က ကလေးနှစ်ယောက်အရွယ်ပဲ ရှိဘိလို့ တဖွဖွ ပြောရှာဘိတယ်။ ဒီတော့ သူ့ဖို့ရယ်၊ သူ့အိမ်သူဖို့ရယ်၊ ကလေးနှစ်ယောက်အတွက်ရယ် တို့ရွာရက်တဲ့ အထည်ကလေးတွေ လက်ဆောင်ယူသွားဖို့ လိုပါဘိ"

"ရစေဘိမည်"

ရွာသူရွာသားတို့က သူတို့ရက်လုပ်သော ချည်ကြမ်းထည်များကို စုဆောင်း၍ ပေးကြ၏။

အိမ်ရှင်မသည်လည်း လက်ဆောင်ပေးရန် မုန့်များ ပြုလုပ်

ကြော်လော်ဖလသည်။

ကျေးတောသားသည် ထိုအဝတ်အထည်နှင့် မုန့်တို့ကို သယ်ယူကာ တစ်ခါမျှ မရောက်ဘူးသော နေပြည်တော်သို့ အဆင့်ဆင့်မေးမြန်း၍ လာခဲ့ရ၏။

ရက်ပေါင်းအတော်ကြာမှ နေပြည်တော် တံခါးဝသို့ ရောက်လာ၏။

"မြင်းစီးကြီးအိမ် သွားချင်ပါဘိသည်။ မြင်းစီးကြီးအိမ်ကို ဘယ်သို့ သွားရဘိသနည်း"

အသင့်တွေ့ရသော တံခါးမှူးရဲမက်ကို ကျေးတောသားက မေးလိုက်သည်။

တံခါးမှူးရဲမက်လည်း ဝမ်းသာအားရနှင့် လက်ကိုဆွဲကာ ရွှေနန်းတော်ကြီးသို့ ခေါ်ဆောင်သွားလေသည်။

ကျေးတောရွာသားမှာ စကားမဆိုဝံ့ဘဲ တံခါးမှူးခေါ်ရာ နောက်သာ လိုက်ပါသွားရသည်။ သူ့စိတ်မှာ စိုးရိမ်ထိတ်လန့်ခြင်းတို့ ကြီးစိုး၍နေသည်။

သူမေးခဲ့သည်က မြင်းစီးကြီးအိမ်၊ ယခု ရောက်လာသည်က ပြိုးပြိုးပြောင်ပြောင် ရွှေနန်းတော်ကြီး။

အခွန်တော်ပါဝစ္စနှင့် လာမှန်းသိသဖြင့် ရာဇဒံက်များ ခတ်တော့

မည်လော။

သို့သော် စိုးရိမ်စိတ်မှာ နန်းတော်ဝမှ ပြုံးရွှင်စွာ ဆီးကြို လျက်ရှိသော မျက်နှာကို မြင်လိုက်ရသည်နှင့် ပြေပျောက်သွား ရ၏။

သူ့မိတ်ဆွေ မြင်းစီးကြီးသည် သာမန်သူမဟုတ်။ မြည့်ရှင် မင်း ဖြစ်နေပါပေါ့လား။

ဘုရင်မင်းမြတ်သည် ကျေးဇူးရှင်ကျေးတောသား၏လက်ကို ဆွဲ၍ အိမ်ရှင်မနှင့် ကလေးများအကြောင်းကို တရင်းတနှီးမေးမြန်း လျက် မင်းနေရာသို့ ခေါ်ဆောင်လာတော်မူ၏။

ထို့နောက် ဘုရင်မင်းမြတ်က ...

"သူငယ်ချင်း ... ရောက်လာတာတော့ ဟုတ်ပါပြီ၊ လက် ဆောင်ကလေးများကော ပါရဲ့လား"

ပြုံးရွှင်ရယ်မောစွာ မေးလိုက်ရာ ...

"ပါပါ့မျာ ... ဟောဒီမှာ အမောင်ကြိုက်တဲ့ မုန့်တွေကို ရှင်မ ထည့်ပေးလိုက်ပါဘိ"

ဟု ကျေးတောသားက အိတ်ထဲမှ မုန့်ပဲသရေစာများကို ထုတ်၍ ပေး၏။

ဘုရင်မင်းမြတ်သည် ရွှင်ခက်ဖြင့် လက်ဆောင်ကို ခံယူကာ

ရင်းနှီးသောအားဖြင့် ကိုယ်တိုင်စားတော်မူ၏။ မိဖုရားနှင့် သားတော်များကိုလည်း စားစေသည်။ မှူးကြီးမတ်ကြီးများကိုလည်း ဝေငှပေးတော်မူ၏။

ကျေးတောသား၏ နောက်တစ်မျိုး လက်ဆောင်ဖျင်ထည်များကိုလည်း အလေးတယူ အမြတ်တနိုးချုပ်လုပ်၍ ဝတ်ဆင်ကြ၏။

နောင်အခါတွင် တောကျေးလက်၌ ကျန်ရစ်ခဲ့သော သားမယားများကိုပါ ခေါ်ယူစေကာ ထိုက်သင့်သည့်နေရာကို ဘုရင်မင်းမြတ်က ပေးအပ်တော်မူ၏။

ဥပါယ်တံမျဉ်ဖြင့် တိုးထားခဲ့သော အခွန်များကိုလည်း အားလုံးပြန်ပေးစေတော်မူ၏။

ကျေးရွာစားနှင့် ကျေးရွာရှင်တို့သည် အတုံ့အလှယ် ပြုစုကြလျက် အသက်ထက်ဆုံး ကြည်ဖြူစွာ နေထိုင်သွားကြလေသတည်း။

*(မဟာအဿာရောဟဇာတ်၊ စတုတ္ထနိပါတ်)*

## သေရွာပြန်ပုဏ္ဏားဓါးခြောင်းချက်

ဗာရာဏသီမြို့အနီးတွင် မိဂါဇိန်ဟူသော ဥယျာဉ်ရှိ၏။ ဗြဟ္မဒတ်မင်းကြီးသည် အခါအားလျော်စွာ ထိုဥယျာဉ်သို့ သွားရောက်အပန်းဖြေနေကြဖြစ်သည်။

ဥယျာဉ်သည် သစ်ပင်ပန်းမျိုးစုံ ရေကန်တို့ဖြင့် တင့်တယ်သာယာလှသည်ဖြစ်၍ မင်းကြီးရောက်လေတိုင်း စိတ်ရောကိုယ်ပါ လန်းဆန်းရ၏။

သို့သော် ထိုနေ့က ရောက်သွားသော မင်းကြီးမှာ အပန်းမပြေရုံမက စိတ်ညစ်ညူး၍ သွားရသည်။

ဥယျာဉ်တော်၏ ကံကိုင်းအနီးတွင် မမြင်အပ် မတင့်တယ်သောအရာကို မြင်တော်မူလိုက်ရ၍ ဖြစ်၏။

ထိုအရာကား ရုပ်ပျက်ဆင်းပျက် လူနာတစ်ယောက်ပင် ဖြစ်ပါသည်။ တံတိုင်းနားတွင် ဖက်ရွက်များကို ခင်း၍ အိပ်ကာ ဆင်းရဲပင်ပန်းစွာ ညည်းညူနေ၏။

သူ့တစ်ကိုယ်လုံး အနာများ ဗလပွနှင့် ပေါက်ပြဲသွေးယိုသည့် နေရာကယို၊ အချို့နေရာတွင် အရိုးနှင့် အရေမှာ ကပ်လျက်၊ အရေပြားအောက်ရှိ အကြောကြီးများက ပိုက်ကွန်ကို ဖြန့်ထား သကဲ့သို့ ထင်းထင်းပေါ်နေသည်။

သူ၏အဝတ်အဆင်ကို ကြည့်ခြင်းအားဖြင့် ပုဏ္ဏားတစ်ယောက် ဟု သိရ၏။

ထိုပုဏ္ဏားသူနာအပေါ်၌ ရှုရှာမိသည်နှင့်အမျှ မြတ်ဗုဒ္ဓမင်းကြီး သည် သနားကြင်နာလည်း ဖြစ်လာမိသည်။ ထိုအဖြစ်သို့ ရောက်လာ ရသည့် အကြောင်းကိုလည်း သိချင်နေသည်။

ထို့ကြောင့် ...

"အိုပုဏ္ဏား ... သင် ဘာကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေဘိသနည်း၊ အဘယ်သို့သော မကောင်းမှုများကို ပြုဘိ သနည်း"

"နားဆင်တော်မူပါ ... အရှင်မင်းမြတ်၊ ကျွန်တော်မျိုးဟာ ကာသိကရွာက လယ်သမားပုဏ္ဏား ဖြစ်ပါတယ်ဘုရား၊ လယ်ထွန်

ဖြုတ်ချိန်မှာ ကန်သင်းပေါက်စရာရှိတာနဲ့ နွားတွေကို ကြိုးဖြုတ်ပြီး လွှတ်ထားပါ၏။ အလုပ်မှာသာ စိတ်ဝင်စားနေတာမို့ နွားတွေ ဘယ်သွားပြီး ဘာစားနေတယ်ဆိုတာ ကျွန်တော်မျိုး မကြည့်မိပါ။ သတိရလို့ ကြည့်လိုက်တော့မှ နွားတွေ မရှိတော့ပါဘူးဘုရား၊

ကျွန်တော်မျိုးလည်း နွားတွေသွားတတ်တဲ့ တောအုပ်ထဲ ဝင်ရှာပါတယ်။ မတွေ့တာနဲ့ တစ်တောပြီးတစ်တော ရှာလာလိုက်တာ ဟိမဝန္တာတောကြီးအထိ ရောက်သွားပါတယ်ဘုရား၊ ဟိမဝန္တာ ရောက်တော့ မျက်စိလည် လမ်းတွေပျောက်၊ နွားကိုလည်း မတွေ့၊ အစာရေစာလည်း မစားရနဲ့၊ ခုနစ်ရက်တိုင်တိုင်ပါပဲအရှင်မင်းမြတ်၊

ဒီလို သွားနေရင်းက တည်ပင်တစ်ပင်ကိုတွေ့တော့ ဝမ်းသာသွားပေမဲ့ တည်ပင်ဟာ အသူတစ်ရာနက်တဲ့ ချောက်ကမ်းပါးမှာ ပေါက်နေတော့ စိတ်ပျက်သွားမိပါ၏။ သူ့အသီးများတာ စားချင့်စဖွယ် မှည့်ဝင်းလို့ နေပါသည်ဘုရား၊

ကျွန်တော်မျိုးလည်း လေတိုက်လို့ ကြွေကျနေတဲ့ တည်သီးတွေကို ကောက်စားလိုက်ပါဘိ၊ အရသာ ထူးကဲလွန်းပါသည်ဘုရား၊

တစ်လုံးစားနေရင်းက နောက်တစ်လုံးကို စားချင်နေတော့တာပါပဲ။ ဒါကြောင့် မကြာခင်မှာပဲ ကြွေကျနေတဲ့ တည်သီးတွေ

ကုန်လို့မို့ အပင်ပေါ် တက်ရပါတော့တယ်။ အပင်ပေါ်က လက်လှမ်းမီသမျှ တည်သီးတွေကို ကျွန်တော်မျိုး ခူးစားပါသည်ဘုရား၊

ဒီလိုနဲ့ ကိုင်းရင်းက အသီးတွေ ကုန်တော့ ကိုင်းဖျားကို အရဲစွန့်ပြီး လျှောက်သွားပြီး လက်လှမ်းမီရာကို ဆွတ်နေတုန်း ရုပ်ထားတဲ့ ကိုင်းက ပြတ်ကျရောဘုရား၊

တည်ကိုင်းနဲ့အတူ ကျွန်တော်မျိုးလည်း ... စောက်ထိုးချောက်ထဲ ကျသွားပါတော့တယ်။ အောက်မှာ များစွာကျယ်တဲ့ ရေတွေရှိတာကြောင့် သေဘေးမသင့်ပေမဲ့ ချောက်ပေါ်ကို ပြန်မတက်နိုင်ဘဲ ငိုကြွေးနေမိတာ ဆယ်ရက်တိုင်အောင်ပါပဲ အရှင်မင်းကြီး၊

ဆယ်ရက်မြောက်တဲ့နေ့မှာ ကယ်မယ့်သူနဲ့ တွေ့ရပါတယ်ဘုရား၊

ကျွန်တော်မျိုးကို ကယ်တဲ့သူကတော့ ... အလွန်ကြီးတဲ့ မျောက်ကြီးတစ်ကောင်ပါဘုရား၊

ကျွန်တော်မျိုးက အစာရေစာပြတ်ပြီး အသားအရေ ပိန်လှီခြောက်ခန်းနေတာကိုမြင်ပြီး မျောက်ကြီးက သနားဟန် တူပါတယ်ဘုရား၊

ကျွန်တော်မျိုးကို သူ့ကျောမှာ မြဲမြံစွာ ခွစီးစေပြီး ချောက်ကမ်းပါးအတွင်းက ကယ်ထုတ်ခဲ့ပါတယ်။ နစ်ယောက်ရဲ့ဝန်ကို

ထမ်းလာရတာမို့ သူ့ခြေလက်တွေမှာ သွေးခြည်ဥ ပေါက်ပြကုန်ပါတယ်ဘုရား၊

လွန်စွာမှလည်း မောပန်း နွမ်းနယ်နေပါတယ်။ အဲကြောင့်မို့ အပေါ်ကို ရောက်တာနဲ့ မျောက်ကြီးက ...

'အမောင်လူသား၊ ငါ့ ခေတ္တမှေးမှိတ်ပါရစေ၊ ဒီတော ဒီတောင်မှာ ကျား၊ ကျားသစ် သားရဲများ ပေါ်ဘိသည်၊ ငါ ခေတ္တ မှေးမှိတ်နေခိုက်မှာ သင်က ကောင်းစွာစောင့်ရှောက်ပါလော့'

လို့ ပြောပြီး မျောက်ကြီးဟာ ကျွန်တော်မျိုးရဲ့ ပေါင်ပေါ်မှာ ယုံကြည်စိတ်ချစွာ အိပ်ပျော်သွားပါတယ်ဘုရား၊

ဒီအခိုက်မှာ ကျွန်တော်မျိုးလည်း ... စိတ်ရိုင်းစိတ်မိုက်တွေ ဝင်ပြီး သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ်တောကောင်တွေကို လူတွေ ဖမ်းယူစားကြဘိ၏။ ယခု ဒီမျောက်ကြီးကိုလည်း လူတွေ ရရင် စားကြပေလိမ့်မည်။ ဆယ်ရက်တိုင်တိုင် အစာမစားရတဲ့ ငါ့ဗိုက်ကလည်း တကြုတ်ကြုတ် မြည်နေဘိ၏။

ဒီမျောက်ကြီးကို သတ်ပြီး မီးကင်စားပြီး ပိုတဲ့ အသားတွေကို ဖက်နဲ့ထုတ်ပိုး ယူဆောင်သွားတော့မည်။

အဲ့ အနားက ကျောက်တုံးကြီးကိုယူပြီး မျောက်ကြီးခေါင်းကို ထုခွဲလိုက်ပါ တယ်ဘုရား။

မြတ်နိုးစာပေ

ဒါပေမဲ့ ကျွန်တော်မျိုးဟာ အစာပြတ်လို့မို့ အားနည်းနေတာကြောင့် မျောက်ကြီးဟာ သေပွဲ မဝင်တာပါ၊

အဲဒီတုန်းက သူ့ကို ကျွန်တော်မျိုးမျက်စိထဲမှာ ယခုထိ မြင်နေရဆဲပါဘုရား၊

သွေးသံရဲရဲနဲ့ ထခုန်ရင်းက ကျွန်တော်မျိုးမှန်းလည်း သိရော စိမ်းစိမ်းကြီး ကြည့်ပြီး မျက်ရည်တွေတွေကျရင်းက တစ်လုံးချင်း ပြောနေတဲ့ စကားလုံးများကို ကျွန်တော်မျိုးနားထဲက မထွက်သေးပါ အရှင်မင်းကြီး၊

'အသင်ယောကျ်ား ... ငါဟာ သင့်ကို တမလွန်လောကက ခက်ခဲစွာ ကယ်ထုတ်လာခဲ့ရ၏၊ ငါသာ မကယ်ရင် သင်ဟာ ကောန်မုချ သေဆုံးရမြဲမည်၊

ဒီလို ကျေးဇူးရှင်ကိုမှ ဒီလောက် ယုတ်မာပက်စက်ကဲ့ အကြံမျိုး ကြံရက်ပါပေ့ကွယ်၊

အို ... အသင်သူယုတ်၊ သင့်အတွက်ကြောင့် ငါမှာ ဒုက္ခဝေဒနာ ခံစားနေရဘိ၏။ ဒါပေမဲ့ သင့်မှာ ဒီလို ဆင်းရဲတဲ့ဝေဒနာမျိုး မရောက်လာ မနှိပ်စက်ပါစေနဲ့၊ ငါ့ပင်ဟာ ကိုယ့်အသီးက ကိုယ့်ကို သတ်သလို ဒီမကောင်းမှုက သင့်ကို မသတ်ပါစေနဲ့၊

ကိုယ်နှုတ်နှလုံး စောင့်စည်းခြင်းမရှိတဲ့ အိုယောကျ်ားယုတ်၊

သင့်ကိုတော့ဖြင့် ဇီ အကျွမ်းတဝင် မပြုရဲတော့ပါဘိ၊ ဌါနောက်ပါးက သွေးစက်ကို ခြေရာခံပြီးသာ လိုက်ခဲ့ဘိလော့'

မျောက်ကြီးဟာ သွေးပေါက်သွေးစတွေနဲ့ ကျွန်တော်မျိုးကို လက်မြှပြီး လူတို့ရပ်ရွာထံကို ပို့ဆောင်ပေးပါတယ်။ ပြီးမှ မျောက်ကြီးဟာ တောထဲကို ပြန်ဝင်သွားပါတယ်ဘုရား၊

တောထဲက ထွက်အလာမှာ ကျွန်တော်မျိုးတစ်ကိုယ်လုံး ပူလောင်လာပါတော့တယ်၊ ရေသောက်ချင်လို့ ရေကန်တစ်ခုကို ဆင်းလိုက်တဲ့အခါ စောစောကကြည်လင်အေးမြနေတဲ့ ရေကန်ဟာ သွေးတွေ ပြည်တွေလိုဖြစ်ပြီး ကျိုက်ကျိုက်ဆူလို့ နေပါတော့တယ် ဘုရား၊

အဲဒီဆူနေတဲ့ ရေပေါက်တွေဟာ ကျွန်တော်မျိုးကိုယ်ပေါ်ကို စင်လာတာနဲ့အမျှ ကျွန်တော်မျိုးကိုယ်ပေါ်မှာ အနာကြီးတွေ ဖြစ်လာ ပါတော့တယ်။ ချက်ချင်းပဲ သွေးတွေ ပြည်တွေစည်လို ကိုယ့်ကို ကိုယ်တောင် ရှုံရှာစက်ဆုပ်မိပါတယ်ဘုရား၊

ဒီလိုဒုက္ခတွေကို ကျိတ်မှိတ်ခံစားရင်း ကျွန်တော်မျိုးဟာ ကိုယ့်ရပ်ရွာကို ရောက်အောင် အားခဲပြီး လာခဲ့ပါ၏။

လမ်းမှာ တွေ့သမျှ ရွာတွေ လူတွေကို အသနားခံတောင်းပြီး ဆေးဝါး အစားအစာ ပေးဖို့ပြောပေမဲ့ တွေ့သမျှလူတိုင်းက သနားဖို့

နေနေသာသာ ကျွန်တော်မျိုးကို မြင်တာနဲ့ တုတ် ဓားတွေနဲ့ ဆဲဆိုကြိမ်းမောင်းပြီး နှင်ထုတ်ပါတော့တယ်ဘုရား၊

ကျွန်တော်မျိုးဖြစ်အင်၊ ကျွန်တော်မျိုးရဲ့ မကောင်းမှုအကုသိုလ် အမှုကို အရှင်မင်းကြီး ကြားသိရှုမြင်တော်မူရပါပြီဘုရား၊

ကျွန်တော်မျိုး လျှောက်ထားတောင်းပန်လိုတာက အရှင် မင်းကြီးနှင့် နောက်ပါ မှူးမတ်ဗိုလ်မင်းရဲမက်အပေါင်းကို နောက်ဆုံး စကားအဖြစ် မိတ်ကောင်း ဆွေကောင်းများကို ကျွန်တော်မျိုး ဖြစ်မှားမိသလို မပြစ်မှား မိကြပါစေနဲ့လို့ပါပဲ အရှင်မြတ်ဘုရား"

နကွသည်ပုဏ္ဏားက ဖြစ်ကြောင်းကုန်စင်ကို ပြောလို့ ဗြဟ္မ ဒတ်မင်းကြီးအား လျှောက်ထားပြီး မကြာမီ သေဆုံးသွားလေသည်။

ဗြဟ္မဒတ်မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါတို့သည် သတိ သံဝေဂရလျက် နန်းတော်သို့ ပြန်ခဲ့ကြလေသတည်း။

*(မဟာကလိဇာတ်၊ တိံသနိပါတ်)*

# ကျေးဇူးကန်းသူများ

ကျောက်မျက်ရတနာအမျိုးမျိုးကို နှစ်သက်စွဲမက်ကာ တင့်တယ် သပ်ရပ်သော ပုံစံဖြင့် ပြုလုပ်ပေးနိုင်သော ကျောက်သွေးသမား တစ်ယောက်သည် ရွာပျက်ကုန်းကြီးတစ်ခုပေါ် ရောက်လာလေသည်။

သူသည် ပါလာသော တူရွင်းဖြင့် နေရာအနှံ့ လျှောက်တူးကြည့်ရာ ကျောက်မျက်ရတနာ အရိုင်းတုံးတစ်ခုကို တွေ့လိုက်ရသည်။

ထိုကျောက်တုံးကို လှပစွာသွေး၍ ရောင်းလိုက်သောအခါ တန်ဖိုးများစွာကို ရရှိလေ၏။

ကျောက်သွေးသမားသည် မိမိတွေ့ရှိထားသော နေရာကို မည်သူ့ကိုမျှ အသိမပေးဘဲ နေ့စဉ်လာ၍ တူးဆွရှာဖွေသည်၊ နေ့တိုင်းလည်း ကျောက်မျက်ရတနာအစိုအစလေးစ်ခုခုကိုတော့ ရရှိသည်သာဖြစ်၏။

ထိုသို့ နေ့စဉ်နေ့တိုင်း လာ၍ တူးဆွရှာဖွေလာခဲ့ရာ ကျောက်သွေးသမားသည် ကြွက်မတစ်ကောင်ကို သတိပြုမိသည်။

ထိုကြွက်မသည် အစတုန်းက မိမိကိုမြင်လျှင် ကြောက်လန့်တကြား ထွက်ပြေးသည်။ လွတ်ရာပြေး၍ ပုန်းနေတတ်သည်။ ပုန်းနေရာမှ မိမိရှိရာသို့ ချောင်းကြည့်နေတတ်သည်။

ကျောက်သွေးသမားကလည်း ကြွက်မကို ရန်ပြုခြင်း မရှိပေ။

နောက်ရက်များတွင် ကျောက်သွေးသမားသည် ကြွက်မလွတ်လပ်စွာ အစာရှာဖွေနိုင်ရန် ကြွက်မပုန်းနေသည့်နေရာကို ရှောင်ကွင်း၍ တူးလေသည်။

ဤသို့ ကျောက်သွေးသမားက ရန်မပြုမှန်း သိလာရသောအခါ ကြွက်မသည် ကျောက်သွေးသမားနှင့် တွေ့သော်လည်း မပြေးတော့ပေ။

မလှမ်းမကမ်းမှ ပြေးလွှားလှုပ်ရှားကာ ကျောက်သွေးသမားတူးဆွရှာဖွေနေသည်ကိုသာ လိုက်၍ ကြည့်နေတတ်၏။

ဤသို့ဖြင့် ရက်ကြာလာသည်နှင့်အမျှ ရင်းနှီးကျွမ်းဝင်၍ ရက်အတန်ကြာသောအခါ ကြွက်မသည် ရွှေဒင်္ဂါးတစ်ပြားကို နှုတ်သီးဖြင့် ကိုက်ချီလာပြီးလျှင် ကျောက်သွေးသမား၏ရှေ့၌ ချပေးလိုက်သည်။

ကျောက်သွေးသမားသည် ဝင်းဝါတောက်ပြောင်နေသော ရွှေဒင်္ဂါးပြားကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ တွေ့နေကြ ကြွက်မတစ်ကောင်က ဤမျှလောက်အဖိုးထိုက်တန်သော ပစ္စည်းကို ချီယူကာ မိမိအား ပေးလာသည့်အတွက် တအံ့တသြ ဖြစ်မိသည်။

ထို့ကြောင့်-

"အို ... အဆွေကြွက်မ၊ ဒီရွှေဒင်္ဂါးကို ဘယ့်အတွက် ယူလာခဲ့သနည်း"

ကျောက်သွေးသမားက ခင်မင်ရင်းနှီးစွာ မေးမြန်းလိုက်ရာ ကြွက်မက ...

"အို ... သခင်၊ ဒီရွှေဒင်္ဂါးကို သခင်ယူပါ၊ လိုသလိုသုံးပါဘိ၊ ကျွန်မအတွက် တစ်ကောင်စာ အသားလေးသာ ဝယ်ပေးပါလော့"

"ကောင်းပါပြီ ... အဆွေကြွက်မ၊ စိတ်ချနေပါလော့"

ကျောက်သွေးသမားက ... ကြွက်မ၏ အဆိုပြုချက်ကို

လက်ခံကာ ကြွက်မအတွက် အသားဝယ်၍ ပေးသည်။

ကြွက်မတစ်ကောင်စာ ဝလင်စွာ စားလောက်သော အသားကို တစ်ပဲပေးရုံနှင့် ရနိုင်၏။

အမှန်က ထိုကြွက်မသည် ထိုရွာ ကောင်းစားစဉ်က နေထိုင်ခဲ့သော သူဌေးမဘဝမှ ပြောင်းလဲလာသူ ဖြစ်ပါသည်။

ရန်သူမျိုး ငါးပါးတို့ဘေးမှ လုံခြုံစေရန် ကုဋေလေးဆယ်မျှသော ရွှေအင်း များကို မြေကြီးထဲ လျှို့ဝှက်စွာ မြှုပ်နှံထားသည်။

ထိုနေရာ အတိအကျကို သူဌေးကြီးနှင့် သူဌေးကတော်တို့မှလွဲ၍ မည်သူမှ မသိကြပေ။

ထိုဘဝမှ ကွယ်လွန်ကြသောအခါ သူဌေးကြီးမှာ နတ်ရွာသို့ရောက်၏။

သူဌေးမမှာ မြှုပ်နှံထားသော ဥစ္စာရတနာတို့ကို စွဲလမ်းကပ်ငြိနေသဖြင့် ထိုဥစ္စာများထဲမှာ ကြွက်မ ဖြစ်နေ၏။

ကြွက်မမှာ ကုဋေလေးဆယ်မျှသော ရွှေအင်းများကို ပိုင်ဆိုင်နေရပါလျက် ဝမ်းစာအတွက် ပင်ပန်းကြီးစွာ ရှာဖွေစားသောက်ခဲ့ရ၏။

ယခု မိမိအပေါ် စာနာထောက်ထားရကောင်းမှန်းသိသော ကျောက်သွေးသမားနှင့် တွေ့ရခါမှ နှစ်ဦးနှစ်ဖ အကျိုးရအောင်

ကြဲဆောင်နိုင်ခဲ့တော့၏။

ဤသို့ဖြင့် အကျိုးတူကြည်ဖြူစွာ ဆက်ဆံလာခဲ့ကြရာ တစ်နေ့သောအခါတွင် ကြွက်မသည် မျက်နှာမသာမယာ ရှိနေသည်ကို ကျောက်သွေးသမားက ...

"အဆွေကြွက်မ၊ မျက်စိမျက်နှာ မသာယာပါဘိသည်၊ နေထိုင်မကောင်း ဖြစ်သလော"

ဟု မေးကြည့်၏။

"အို ... သခင်၊ ဘာမှ မဖြစ်ပါ၊ နေထိုင်ကောင်းပါဘိ၏"

ကြွက်မသည် ပြေကြားပြီး အသားတုံးကို ကိုက်ချီ၍ သွားသည်။

ယခင်ကဆိုလျှင် ကြွက်မသည် ကျောက်သွေးသမား၏ ရှေ့မှာပင် အသားတုံးကို စားနေကျဖြစ်သည်။ ယနေ့ကြမှ ရှေ့တွင် မစားဘဲ သူ့နေရာရောက်အောင် ချီယူသွား၏။

ကြွက်မ၏ အပြုအမူ ထူးခြားနေသော်လည်း ကျောက်သွေးသမားက မည်သို့မျှ မတွေးမိပါ။ အကြောင်းတစ်ခုခု ရှိ၍သာဖြစ်မည်ဟု တွေးကာ လုပ်မြဲတိုင်းသာ လုပ်နေ၏။

ဤသို့ဖြင့် ရက်အတန်ကြာသောအခါ ကြွက်မမှာ အတော်ပိန်ကျသွားသည်။

မြက်သွေးစာပေ

သူ့ကို မေးကြည့်တော့လည်း ရှေ့နည်းအတိုင်း ဖြေကာ အသားတုံးကိုသာ ကပျာကယာကိုက်ချီသွားသည်။

ထိုမှ ရက်အတန်ကြာသောအခါ ကြွက်မမှာ အရိုးပေါ် အရေတင်ဘဝသို့ ရောက်ကာ ကျောက်သွေးသမားရှေ့သို့ ရောက်အောင်ပင် အားခဲ၍ တရွေ့ရွေ့ လာရ၏။

ထိုအခါ ကျောက်သွေးသမားသည် မိမိ၏ကျေးဇူးရှင် ကြွက်မအား သည်အတိုင်း ကြည့်မနေနိုင်တော့သဖြင့် ...

"အဆွေကြွက်မ ... ကျွန်ုပ်ကို ဖုံးဖိမထားပါနဲ့တော့၊ အဆွေကြွက်မှာ အန္တရာယ်တွေ တစ်ခုခုတစ်ခု ကျရောက်နေတယ်ဆိုတာ သိသာလှပါ၏။ ဒီအန္တရာယ်ကို ကျွန်ုပ် ကာကွယ်တားဆီးပေးနိုင်ပါသည်။ ဘယ်လိုအန္တရာယ်မျိုးနဲ့ ကြုံသေးသည်ကို ပွင့်လင်းစွာ ပြောပါလော့"

"အိုသခင် ... ကျွန်မ ကျရောက်ရတဲ့ အန္တရာယ်ကတော့ ကြောင်တွေပါပဲ၊ ဟိုတလောဆီက ကျွန်မကို ကြောင်တစ်ကောင်က ဖမ်းခဲ့ပါ၏။ ကျွန်မကို စားမယ်လုပ်တုန်းမှာ ကျွန်မက အသက်ချမ်းသာပေးဖို့ တောင်းပန်ပြီး ကျွန်မရတဲ့ အသားကို နေ့စဉ်တစ်ဝက်ခွဲပြီး ပေးပါ့မယ်လို့ အာမခံတဲ့အတွက် ကျွန်မ သူ့လက်က လွတ်မြောက်ခဲ့ရပါတယ်"

"ဒါကြောင့် ... အဲဒီနေ့က အသေ့ကြွက်မ မျက်နှာမကောင်း ဖြစ်နေတာကိုး"

"တုတ်ပါကာယ်သခင်၊ ကျွန်မတို့ ကြောက်ရလွန်းတဲ့ ရန်သူမို့ သူ့အကြောင်းကို ဖွင့်မပြောရဲတာပါသခင်"

"အဖြင့် ... နောက်ရက်တွေမှာ ပိုပြီး ပိန်ချုံးလာတာ ကကောအသေ့"

"ဒါကတော့ တခြားကြောင်တွေနဲ့ ထပ်ပြီး တွေ့ရလို့ပါ၊ တစ်ကောင်မိလိုက် ကျွန်မရတာလေး ခွဲကျွေးလိုက်၊ တစ်ကောင် မိလိုက် ကျွန်မစေစုလေး ခွဲကျွေးလိုက်ဆိုတော့ နောက်ဆုံး ကျွန်မ ဒီအခြေအနေ ရောက်လာရတာပါပဲ"

"အင်း ... ကျေးဇူးကန်းတဲ့ ကြောင်တွေပဲ၊ အသေ့ကြွက်မ ဆီက အစားအစာကိုလည်း ယူစားသေး၊ ကျွေးမွေးတဲ့သူကိုလည်း နှိပ်စက်တယ်၊ ဒီလောက်ဆိုးရွားတဲ့ ကြောင်တွေကို အသေ့ကြွက်မ ဘာမှ ကြောက်မနေပါနဲ့၊ ကျေးဇူးကန်းလှတဲ့ ဒီကြောင်လေးကောင် ကို သူတို့အမှုနဲ့သူတို့ အပြစ်ဒဏ်ခတ်ပြီး ဖြစ်စေရပါ့မသိ"

ထိုသို့ ပြောဆိုပြီးလျှင် ကျောက်သွေးသမားသည် အိမ်သို့ ပြန်၍ ဖန်အိမ်တစ်ခု ပြုလုပ်သည်။

အတွင်း၌ ကြွက်မတစ်ကောင် ချောင်ချိတွာ နေနိုင်၍ အပြင်က

ဖ ်ဘားကို လုံးဝမမြင်ရအောင် ဖြုလုပ်ထားသည်။

ထိုကြွက်မ၏နေရာသို့ ဖန်အိမ်ကို ပို့ဆောင်ကာ ကြွက်မကို အ ထဲတွင်ထားပြီး အပုံးပိတ်၍ ပေးလိုက်၏။

ထိုနောက် ကျောက်သွေးသမားသည် မလှမ်းမကမ်းမှ အသာ ချော်း၍ ကြည့်နေရာ မကြာမီမှာပင် ကြောင်တစ်ကောင် ပေါ်လာ သည်။

"ဟယ် ... ကြွက်ယုတ်မ၊ မနေ့က ငါရတဲ့ဝေစုက နည်းလှပါဘိ၊ ဒီနေ့တော့ ပိုပေးပေတော့ ... မပေးရင် နင့်ကို အစားပဲ"

နှုတ် ်းမွေးတကားကား သွားတဖြဲဖြဲနှင့်လာ၍ ခြိမ်းခြောက် ၏။

ခါတိုင်းနေ့များတွင် ကြောင်သံကြားလျှင် ခြေဖျားလက်ဖျားများ တုန်နေခဲ့ရသော ကြွက်မသည် ယနေ့တွင် လုံးဝမတုန်မလှုပ် ဖန်အိမ်ထဲ ဝင့်ကြွားစွာ နေထိုင်ရင်းက ...

"ဟဲ့ ... အယုတ်တမာကြောင်စုတ်ကြောင်နာ ... ငါက နင့် ကျေးကျွန်လား၊ အသားစားချင်ရင်တော့ ဒီကရှေ့ ငါ့ဆီမလာကြ နဲ့တော့ ... ဂ ်သားသမီးတွေကိုသာ ကိုယ်ပြန်စားကြပေ တော့

"အောင်မယ် ... ကလေကချေကြွက်ယုတ်မက အခု ငါ့အကြောင်း သိစေမယ်"

ကြွက်မ၏ ရန်ထောင်ခြင်းကို မခံရစဖူး ခံလိုက်ရသဖြင့် ကြောင်သည် ဒေါသအမျက်ဖြင့် ကြွက်မကို တအားခုန်အုပ်လိုက်ရာ ကြွက်မကို မိလိုက်ရမည့်အစား သူ့ရင်အုပ်မှာသာ ဖန်အိမ်အစွန်းနှင့် ဆောင့်လိုက်မိ၏။

ကျေးငှက်ရှင်ကို ကျေးစွပ်သော ကြောင်တစ်ကောင် တော်ရာ ချောင်ကြား၌ သေဆုံးသောအခါ အခြားကြောင်များလည်း ဆင့်ကာ ဆင့်ကာ ရောက်လာကြပြီး ရှေးနည်းတူ သေပွဲဝင်ကြရတော့၏။

ရန်သူများ ကင်းရှင်းသွားသောအခါ ကျောက်သွေးသဖားနှင့် ကြွက်မတို့သည် ပိုမို၍ ချစ်ခင်ရင်းနှီး၍ လာကြလေသတည်း။

*(ဗဗ္ဗုဇာတ်၊ တေနိပါတ်)*

# သူငယ်ချင်းသုံးယောက်

သူတို့သုံးယောက်မှာ တစ်နေ့တည်းမှာ ဖွားမြင်လာကြသူများ ဖြစ်ကြသည်။ တစ်ခုတည်းသော မိဘရိပ်အောက်မှ လူလားမြောက်လာကြရသည်။

ထို့ပြင် တက္ကသိုလ်မြို့တော်သို့ အတူသွားရောက်ကာ ဒိသာပါမောက္ခဆရာကြီးထံတွင် အတူတကွ ပညာသင်ကြားခဲ့ကြသည်။ သူတို့ထက်ပို၍ ရင်းနှီးသော သူငယ်ချင်းဟူ၍ ရှိနိုင်ပါဦးမည်လား။

ပညာစုံ၍ တက္ကသိုလ်ပြည်မှ အတူတကွ ပြန်လာခဲ့ကြသော သူငယ်ချင်းသုံးယောက်တို့သည် မိဘများနေထိုင်ရာ ရာဇဂြိုဟ်

မိတ်ဆွေစာပေ

မြို့တော်သို့ ဦးတည်၍ လာခဲ့ကြရာ ဗာရာဏသီပြည်သို့ အရောက်တွင် ခရီးတစ်ထောက် နားကြလေသည်။

မိမိတို့နှင့် အမျိုးအနွယ်တူသော ပုဏ္ဏားတစ်ယောက်အိမ်မှ ရည့်ဝတ်ပြုသော ထောပတ်ထမင်းကို စားပြီးလျှင် မင်းဥယျာဉ်သို့ ဝင်လာကြသည်။

ဥယျာဉ်အတွင်း၌ မင်းကြီးထိုင်ရန် ခင်းထားသော မင်္ဂလာကျောက်ဖျာကြီးကို တွေ့ရသောအခါ နိဂြောဓသည် ထိုကျောက်ဖျာပေါ်တက်၍ အိပ်တော့သည်။

အပေါ်ရုံပုဆိုးဖြင့် ခြေရောခေါင်းပါ လုံခြုံစွာခြုံ၍လည်း ထားသည်။

ကျန်သူငယ်ချင်းဖြစ်သူ သာခနှင့် ပေါဋ္ဌိကတို့က ကျောက်ဖျာ တစ်ဖက်တစ်ချက်မှာ အိပ်စက်ကြ၏။

တစ်ခဏချင်း အိပ်ပျော်သွားကြသော သူငယ်ချင်းသုံးယောက်တို့သည် မကြာခင်မှာပင် နိုးလာကြရသည်။

စောင်း၊ ငြင်း၊ ပတ်သာ တူရိယာမျိုးစုံ တီးခတ်လိုက်ကြသော အသံများကြောင့်ဖြစ်၏။

နိဂြောဓတို့ မရောက်မီ နှစ်ရက်ကပင် ဗာရာဏသီမင်း နတ်ရွာစံခဲ့သည်။ ထီးမွေ နန်းမွေ ဆက်ခံနိုင်သော သားရတနာ

မကျန်ရစ်သဖြင့် ပုရောဟိတ်ကြီးနှင့်တကွ ရှိသမျှသော မှူးမတ်တို့သည် ဖုဿရထားပေါ်တွင် မင်းမြောက်တန်ဆာထားပါးကို တင်လွှတ်ကာ ရထားနောက်မှ လိုက်ပါလာကြရ၏။

ဖုဿရထားမှာ မင်္ဂလာရထားထဲ အပါအဝင်ဖြစ်သည်။

ထိုရထားကို စေလွှတ်ရာတွင် ရထားကို မောင်းနှင်မည့်သူ မလိုပေ။

ရထားမှာ က,ထားသော သိန္ဓောမြင်းလေးကောင်တို့က သူတို့ သဘောအလျောက် သွားချင်ရာသွားစေရန် လွှတ်ထားရသည်။

ထိုသိန္ဓောမြင်းများကလည်း ရောက်တတ်ရာရာ သွားသည်မရှိ။ ထီးမွှေနန်းမွှေ ဆက်ခံနိုင်လောက်သော ဘုန်းလက္ခဏာနှင့် ပြည့်စုံသည့် မင်းလောင်းထံသို့သာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ကြရ၏။

ထိုနေ့က စေလွှတ်လိုက်သော ဖုဿရထားသည် နန်းတော်ကို လက်ယာရစ် လှည့်ပတ်ပြီးမှ ထွက်လာကာ မင်းဥယျာဉ်တော်သို့ ဦးတည်၍ သွား၏။

ဥယျာဉ်တော်အတွင်းရှိ မင်္ဂလာကျောက်ဖျာကို ဦးခိုက်ကာ ထိုနေရာမှ နောက်သို့ ပြန်လှည့်ပြီး အရန်သင့် တက်လာစေနိုင်

သော အနေအထားဖြင့် ရပ်နား၍ နေလေတော့၏။

ဖုဿရထားနောက်မှ အသင့်ပါလာခဲ့သော ပုရောဟိတ်ကြီး သည် ခေါင်းမြီးခြုံလျက် အိပ်စက်နေသော နိဂြောဓ၏ ခြေဖဝါး တို့ကို လှန်၍ ကြည့်သည်။

ခြေမှာရှိနေသော လက္ခဏာတို့ကို သုံးသပ်ဆင်ခြင်ကာ အလွန်အားရကျေနပ်လှသဖြင့် ရထားနှင့်အတူ ပါလာသော အမှုထမ်း တို့အား အချက်ပြလိုက်ရာ တစ်ခဲနက်သော တူရိယာသံများ ထွက်ပေါ်လာ၏။

တူရိယာသံများကြောင့် နိုးလာကြသော သူငယ်ချင်းသုံးယောက် တို့သည် ကိုယ့်နေရာမှာပင် ကြက်သေမပျက် ထိုင်နေကြသည်။

ဤတွင် ပုရောဟိတ်ကြီးသည် နိဂြောဓ၏ရှေ့မှောက်၌ ဒူး ထောက်ဝပ်တွားလျက် ...

"အရှင့်သား ... ဗာရာဏသီထီးနန်းစည်းစိမ်နဲ့တကွ တိုင်း နိုင်ငံအလုံး အရှင့်သားလက်မှာ ကျရောက်လာပါပြီဘုရား၊ လက်ခံ စိုးအုပ် မင်းလုပ်တော်မူပါဘုရား"

"ကောင်းပါပြီ ပုရောဟိတ်ကြီး"

နိဂြောဓကလည်း ပုရောဟိတ်ပုဏ္ဏားကြီး၏ လျှောက်ထုံး ချက်ကို လက်ခံလိုက်၏။

ဤသို့ဖြင့် ပုရောဟိတ်ပုဏ္ဏားကြီးနှင့်တကွ မှူးမတ်သေနာပတိအပေါင်းသည် နိဂြောဓမင်းသားအား ထိုမဂ်လာကျောက်ဖျာထက်မှာပင် အဘိသိက်ရေစင်များ သွန်းလောင်းကာ မင်းမြောက်တန်ဆာငါးပါး ဆက်သကြသည်။

မင်းမြောက်တန်ဆာငါးပါးကို ဝတ်ဆင်ပြီး ဘုရင်အဖြစ် ရောက်လျှင် နိဂြောဓမင်းသည် ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်သော သာခကို စစ်သူကြီးအရာ ပေးလိုက်၏။

ထို့နောက် နိဂြောဓမင်းနှင့် သာခစစ်သူကြီးတို့သည် ကြီးကျယ်ခမ်းနားလှသော အစီအစဉ်ဖြင့် မြို့တော်သို့ ဝင်လာကြရာ မည်သည့်ရာထူးမျှ မရသေးသော ပေါဠိကသည်လည်း သာမန်အရပ်သားတစ်ယောက်အဖြစ်နှင့် ပရိသတ်ကြားက လိုက်ပါလာရသည်။

သို့သော် ပေါဠိက,က စိတ်ပျက်အားငယ်ခြင်း မရှိပါ။ နိဂြောဓမင်းနှင့် သာခစစ်သူကြီးတို့ကိုကြည့်ကာ ...

"အင်း ... ငါ့ဆုံးဖြတ်ချက် မှန်လှပါဘိ"

ဟူ၍သာ တိုးတိတ်စွာ ရေရွတ်နေ၏။

မွေးဖွားလာသည့်နေ့မှစ၍ အတူတကွ နေလာခဲ့ကြသော သူငယ်ချင်းသုံးဦးတို့၏ ကံကြမ္မာသည် ထိုနေ့၊ ထိုနေရာကပင်

စတင်ကွဲပြားလာသည်ဟု ထင်မိကြပေမည်။

သို့စေကာမူ ငယ်သူငယ်ချင်းသုံးဦးတို့၏ ဘဝဇာတ်ကြောင်းကို အစအဆုံး သိရှိထားသော ပေါ်ဥက,က အစကတည်းကပင် မတူညီ၍ ကွဲပြားရသည်ကို သိ၏။

ဘုန်းလက္ခဏာ ပြည့်စုံစွာဖြင့် ထီးနန်းဆက်ခံစိုးစံရသော နိုင်ငြောမင်းသည် အမှန်တကယ် မင်းမျိုးမင်းနွယ် မဟုတ်။ သာမန်ဆင်းရဲသူမတစ်ယောက်၏ သားသာဖြစ်သည်။

ထိုဆင်းရဲသူမသည် ကိုယ်ဝန်အရင့်အမာဖြင့် လှည်းကြုံစီး၍ လာခဲ့ရာ ပုဇ္ဇောင်ပင်ကြီးအောက်တွင် မီးဖွားခဲ့ရခြင်း၊ မီးဖွားပြီးချိန်မှာပင် သူမ စီးလာခဲ့သော လှည်းကလည်း ခရီးဆက်ရန် ပြင်ဆင်တော့သည်။

ထိုအခါ သားသည်အမေ သူဆင်းရဲမသည် ဖွားခါစကလေးငယ်ကို အနီးနှင့်ဇထွေး၍ ပဇ္ဇောင်ပင်မြစ်ပျဉ်းကြားမှာ ထားခဲ့ပြီး လှည်းနှင့် လိုက်ပါသွားတော့၏။

ကံအားလျော်စွာပင် ရာဇဂြိုဟ်မြို့တော်မှ သူဌေးကြီးတစ်ဦး၏ ချွေးမသည် မိဘရပ်ဌာန် ပြန်လာခဲ့ရာ ထိုပဇ္ဇောင်ပင်အောက်သို့ ရောက်လာခဲ့သည်။

မြစ်ပျဉ်းကြားမှ ကလေးငယ်ကို တွေ့လိုက်ရသောအခါ

ဝမ်းသာအားရ ကောက်ယူပြုစုလေသည်။

သူသည် ကလေးငယ်ကို သားဟူသော ချစ်ခြင်းဖြင့်လည်း ချစ်ခင်၏။ မိမိ အခက်အခဲကို ကယ်တင်ရှင်အဖြစ်လည်း ကျေးဇူးတင်မဆုံး ဖြစ်ရ၏။

သူသည် ရာဇဂြိုဟ်သူဌေးကြီး၏သားနှင့် အိမ်ထောင်ပြုခဲ့သော်လည်း သားသမီး မရခဲ့ပေ။

ထိုသူဌေးကြီးမှာလည်း ဤသားတစ်ယောက်တည်းသာ ရှိခဲ့သဖြင့် မိမိကမှ အမွေဆက်ခံနိုင်သည့် သားသမီးတစ်ယောက် ဖွားမြောက်၍ မပေးနိုင်လျှင် အမျိုးဆက် ပြတ်သွားပေလိမ့်မည်။

ထိုအခါ ရှိသမျှသော စည်းစိမ်ဥစ္စာတို့မှာလည်း မင်းဘဏ္ဍာ ဖြစ်ရပေတော့မည်။

ထိုချွေးမသည် ယောက္ခမမိသားစု၏ အလယ်၌ နေ့စဉ်နှင့် အမျှ ရှုတ်ချပြစ်တင်ခြင်းကို ခံနေရသည်။

ဤသို့ ခံရပေါင်းများသောအခါ ချွေးမဖြစ်သူမှာ ကြံမိကြံရာ ပြုတော့၏။

ကိုယ်ဝန်ဆောင်အသွင်ဖြစ်အောင် မိမိကိုယ်ကို ပြုပြင်ထားပြီးလျှင် လင်ဖြစ်သူကိုလည်း သားသန္ဓေရှိနေပြီဟု ပြောပြရလေတော့၏။

ထိုအခါမှပင် ချေးမဖြစ်သူသည် ယောက္ခမမိသားစု၏ တယုတယ လုပ်ကျွေးခြင်းကို ခံယူကာ ဆယ်လကြာသောအခါ ...

"မိဘများထံ သွားပြီး မွေးပါရစေ"

ဟု တောင်းပန်ကာ ရာဇဂြိုဟ်မြို့တော်မှ ထွက်လာခဲ့ရသည်။

ယခုတော့ ... အရန်သင့် သားရတနာကလေးနှင့်တကွ ယောက္ခမများထံ အပြုံးဖြင့် ပြန်လာနိုင်ခဲ့၏။

ပဉ္စောင်းပင်ရိပ်တွင် ဖွားမြင်ခဲ့သဖြင့် ထိုကလေးငယ်ကို နိုဂြောဓသတို့သားဟု မိဘများက မှည့်ခေါ်ကြသည်။

ထို့အတူပင် သူဌေးကြီး၏ လက်အောက်ခံ သူဌေးကလေး၏ မယားကလည်း ခရီးသွားရင်း သစ်ခက်ရိပ်အောက်၌ သားဖွားလေရာ ထိုကလေးငယ်ကို သာခသတို့သားဟု မှည့်ခေါ်ကြ၏။

သူတို့နှင့် တစ်နေ့တစ်ရက်တည်းမှာပင် သူဌေးကြီးထံ မှီခိုနေရသော အပ်ချုပ်သမား၏မယားကလည်း ဖွားမြင်လာသော သားကလေးကို ပုဆိုးစုတ်ကြား၌ သိပ်ထားရလေရာ ထိုကလေးငယ်မှာ ပေါ်ဋ္ဌိကသတို့သားဟူ၍ အမည်တွင်လာ၏။

ထိုသူငယ်သုံးယောက်တို့မှာ တစ်နေ့တည်း ဖွားမြင်လာခဲ့သူများဖြစ်၍ ရာဇဂြိုဟ်သူဌေးကြီးသည် မိမိမြေးနှင့်အတူထား၍ မွေးကျွေးခဲ့ခြင်း ဖြစ်ပါသည်။

ပေါ်ဌိုကသည် ဤကြောင်းခြင်းရာ အပြည့်အစုံကို မိဘများထံမှ ကြားသိထားရသည်။

မွေးဖွားစဉ်ကပင် ကံအကျိုးပေးချင်း ကွဲပြားခဲ့ကြသဖြင့် တစ်နေ့ကြလျှင်လည်း ထိုနည်းအတိုင်းပင် ဖြစ်လာရမည်ဟု သဘောပေါက်ထား၏။

မိမိ၏ဘဝတစ်သက်တာ မှီခိုရာမှာ နီကြောခ၏ ဘုန်းရိပ်ကံရိပ်သာဖြစ်ကြောင်း နားလည်ထားသည်။

ထို့ကြောင့်လည်း အရေးအကြောင်းကြီးငယ် ပေါ်လာလေတိုင်း မှန်ကန်စွာ ဆုံးဖြတ်နိုင်ခဲ့၏။

ထိုညက မိမိတို့ငယ်သူငယ်ချင်းသုံးယောက်တို့ ဗာရာဏသီမြို့တော်အနီးက နတ်ကွန်းတစ်ခု၌ ညအိပ် ရပ်နားခဲ့ကြသည်။

နီကြောခကို ကျိုးနွံစွာ ဆက်ဆံလာခဲ့သော ပေါ်ဌိုကသည် ထိုနံနက် စောစောကလည်း နီကြောခ၏ ခြေထောက်များကို နှိပ်နယ်ပေးလျက်ရှိသည်။

ထိုအချိန်မှာပင် နတ်ကွန်းနံဘေးက သစ်ပင်၌ အိပ်တန်းတက်နေကြသော ကြက်များအချင်းချင်း ရန်ဖြစ်၍ နေကြ၏။

အထက်ကိုင်းဖျားမှာ အိပ်တန်းတက်နေသော ကြက်တစ်ကောင်သည် အမှတ်မထင် မစင်စွန့်ရာ အောက်က ကြက်အပေါ်

ကျလာ၍ …

"ဟော့ … ဘယ်ကောင်လဲကွ၊ ငါ့အပေါ် မစင်စွန့်တာ"

"မတော်လို့ပါ သူငယ်ချင်းရေ၊ ရှိနေမှန်းလည်း မသိလို့ စွန့်မိတာပါ"

"မင်းကများ ငါ့ကိုယ်ပေါ် မစင်စွန့်ချရော မှတ်နေဘိသလား၊ ငါ့အစွမ်းသတ္တိကိုမှ မင်း … မသိလေရော့သလား"

"မတော်လို့ပါ … သည်းခံပါဗျာ၊ စိတ်မဆိုးပါနဲ့။ အဲ … ဒါနဲ့ ပြောပါဦး၊ မင်းအစွမ်းသတ္တိက ဘယ်လိုများ ရှိနေလို့လဲ"

"မင်း … မကြားဘူးသေးရင် သေချာ မှတ်ပေတော့၊ တကယ်လို့များ လူတစ်ယောက်ယောက်က နံနက်စောစော ငါ့ကို ဖမ်းပြီး သတ်စားနိုင်ရင် အသပြာတစ်ထောင်တိတိ ရနိုင်တယ်ကွ။ ဘာမှတ် လို့တုန်း"

"မင်းအစွမ်း … ဒါလေးနဲ့များ အရေးအကြောလုပ်လို့ကွာ၊ ငါ့အစွမ်းသတ္တိနဲ့ ယှဉ်လိုက်ရင် မင်းအစွမ်းက အသေးအမွှားပါကွ၊ တကယ်လို့များ လူတစ်ယောက်က ငါ့ကိုယ်ပေါ်က အဆီအများဆုံး အသားကို စားရရင် မင်းဖြစ်နိုင်တယ်ကွ၊ အဆီနည်းတဲ့အသားကို စားရသူက စစ်သူကြီးဖြစ်နိုင်တယ်ကွ၊ ငါ့အရိုးမှာ ကပ်နေတဲ့ အသားကို စုပ်ရသူတောင် မင်းဘဏ္ဍာစိုး ဖြစ်နိုင်တယ် …

သိရဲ့လား”

ကြက်နှစ်ကောင်တို့၏ ကြုံးဝါးသံကို ကြားလိုက်ရသည်တွင် ပေါ်ဦကာသည် ထိုသစ်ပင်ပေါ်သို့ တိတ်တိတ်ကလေး တက်သွားပြီးလျှင် အထက်က ကြက်ကို ဖမ်းယူသတ်ဖြတ်ကာ မီးကျီးကောင်းကောင်းနှင့် ကင်လိုက်၏။

ထိုစဉ်အခါကသာ ပေါ်ဦကာသည် မိမိဘက်သို့ အလေးပေး စဉ်းစားခဲ့ပါလျှင် သာခအဖို့ ဤမျှလောက် စိတ်ဒုက္ခ ရောက်ရမည် မဟုတ်ပေ။

အကယ်၍သာ ပေါ်ဦကကိုယ်တိုင် ဤအကြောင်းကို ဖွင့်ဟ ပြောကြားခြင်း မပြုခဲ့ပါလျှင်လည်း ဤမျှ အနေခက်မည် မဟုတ်ပေ။

ယခုတော့ ပေါ်ဦကသည် မီးကျီးမှာ ကင်ထားသော ကြက်သားထဲမှ အဆီရွှဲနေသော အသားတို့ကို နိုကြောအေား ဦးစွာပေးခဲ့၏။

မိမိကိုကား အသားရိုးရိုးကိုသာ ပေးပြီး သူကိုယ်တိုင်ကျ အရိုးမှာ ကပ်နေသော အသားစကလေးများကို စုပ်စား၏။

သူကိုယ်တိုင် စွမ်းအားဖြင့် ရရှိထားသော အသားထဲမှ မိမိအား အသားချည်းသန့်သန့် ပေးခဲ့သည့်အတွက် ကျေးဇူးတင် ခံရမည်ဟု ထင်မှတ်နေပုံရ၏။

သာခက ဆီရွှဲနေသော ပထမတန်းစား အသားကို မစားရသဖြင့် သူ့အပေါ် ဘယ်နည်းနှင့်မျှ ကျေးဇူး မတင်နိုင်ပါ။

ထီးနန်းစိုးအုပ် မင်းလုပ်ခွင့်မရဘဲ စစ်သူကြီးမျှသာ ဖြစ်လာရသဖြင့် လုံးပမကျေနပ်နိုင်ပါ။

တစ်ဖက်ကို အသာပေးကာ မိမိအား နှိမ့်ချထားသည့် ပေါ်ဒ္ဒိကကို လက်စားချေနိုင်မှသာ နေသာထိုင်သာ ရှိမည့်နေ့ကိုသာ စောင့်နေရ၏။

တစ်နေ့မှာ စစ်သူကြီးသာခ အလိုပြည့်ရန်အကြောင်းဖန်လာတော့၏။

နိုကြောခမင်း၏ အမိန့်ဖြင့် ပေါ်ဒ္ဒိကသည် ရာဇဂြိုဟ် မြို့တော်သို့ သွားရောက်ကာ မိဘတို့အား မိမိကို့သူငယ်ချင်း သုံးယောက်တို့၏ လက်ရှိအခြေအနေကို ပြောပြပြီး အားလုံး လိုက်ပါလာကြရန် ပန်ကြားခေါ်ဆောင်စေလေသည်။

သို့သော် ဘယ်မိဘကမှ ဗာရာဏသီသို့ လိုက်ပါရန် ဆန္ဒမရှိကြပေ။

သို့နှင့်ပင် ပေါ်ဒ္ဒိကသည် တစ်ယောက်တည်းပင် ပြန်လာခဲ့ရ၏။

ပြန်ရောက်လာသောအခါ ပေါ်ဒ္ဒိကသည် နိုကြောခမင်းထံ

ရုတ်တရက် မဝင်သေးဘဲ သူငယ်ချင်းသာခထံသို့ ဝင်လာခဲ့သည်။

သို့သော် သူငယ်ချင်းသာခမှာ ယခင်သာခ မဟုတ်တော့။ စစ်သူကြီး အရာရနေပြီမို့ တံခါးစောင့်ရဲမက်များနှင့် တခမ်းတနား ဖြစ်နေ၏။

သို့နှင့် ပေါဋ္ဌိကသည် တံခါးစောင့်ရဲမက်များမှတစ်ဆင့် စစ်သူကြီးနှင့် တွေ့ဆုံခွင့် တောင်းရသည်။

သို့သော် ... သူ စစ်သူကြီးနှင့် တွေ့ဆုံခွင့် မရပါ။ စစ်သူကြီးရဲမက်များ၏ ရိုက်ပုတ်ကန်ကြောက်ခြင်းကိုသာ ခံရတော့၏။

ရဲမက်များမှာ စစ်သူကြီး၏ အမိန့်အရ ပေါဋ္ဌိကကို ရိုက်နှက်ပြီး ကျော်ကုပ်ကဆွဲ၍ နှင်ထုတ်လိုက်ကြတော့၏။

နိုဂြောဓမင်းသည် ပေါဋ္ဌိက၏ ဒဏ်ရာဒဏ်ချက်များနှင့် ဖြစ်သမျှအကြောင်းခြင်းရာများကို မြင်တွေ့ကြားသိရသောအခါ စစ်သူကြီးသာခကို ခေါ်ယူစစ်မေးသည်။

စစ်သူကြီးကလည်း ငြင်းကွယ်၍ မရနိုင်သဖြင့် ဝန်ခံရတော့၏။

ထိုအခါ နိုဂြောဓမင်းက ...

"သာခ ... ပေါဋ္ဌိကဟာ ငါတို့နှစ်ယောက်လုံးရဲ့ ကျေးဇူးရှင်

ဖြစ်ပါဘိ။ ဒီမျှ ကြီးကျယ်တဲ့ စည်းစိမ်ချမ်းသာကို ပေါ်ဋ္ဌိက ပေးလို့သာ ဒီတို့များ ခံစားကြရတာ၊

ဒီလိုကြီးမားတဲ့ ကျေးဇူးဟာရေးကိုမှ သင် ... မထောက်ထားတာ အလွန်ဆိုးရွားလှပါဘိ၊

သာခ ... ကျေးဇူးမသိတတ်တဲ့ သူ့အပေါ် ပြုစုခဲ့တဲ့ ကျေးဇူးဟာ မီးကျီးထဲ ပစ်ချလိုက်တဲ့ မျိုးစေ့လိုပဲ အကျိုးမဲ့ ပျက်စီးသွားရတယ်၊

ကျေးဇူးသိတတ်တဲ့သူတော်ကောင်းအပေါ် ပြုစုခဲ့တဲ့ ကျေးဇူးတရားကတော့ လယ်ယာမြေကောင်းမှာ ကြဲချထားတဲ့ မျိုးစေ့လိုပဲ အကျိုးများစွာ ဖြစ်ထွန်းလာပေတယ် ... သာခ"

ကျေးဇူးတရားနှင့် စပ်သောစကားများကို မိန့်ကြားတော်မူပြီးလျှင် နိုဗြောဓမင်းသည် ကျေးဇူးရှင်အား ပစ်မှားသည့် စစ်သူကြီးသာခအား သေဒဏ်ပေးတော်မူ၏။

ထိုအခါ ပေါ်ဋ္ဌိကသည် သာခအား အသက်ချမ်းသာခွင့် ပေးပါရန် တောင်းပန်လေသည်။

နိုဗြောဓမင်းသည် ပေါ်ဋ္ဌိက၏ တောင်းပန်မှုကို လက်ခံသော်လည်း စစ်သူကြီးရာထူးကို ပေါ်ဋ္ဌိကထံ လွှဲပြောင်းပေးသည်။

သို့သော် ပေါဋ္ဌိက,က ထိုရာထူးကို လက်မခံ ငြင်းဆန်၏။ နိဂြောဓမင်းလည်း စစ်သူကြီးရာထူးထက် ပို၍ အရေးပါအရာရောက်သော ဘဏ္ဍာစိုးရာထူးကို ပေးအပ်လိုက်လေတော့သည်။

*(နိဂြောဓဇာတ်၊ အသီတိနိပါတ်)*

# သိကြားမင်းသားအရုပ်သဓား

ကုဋေလေးဆယ်ကြွယ်ဝသော သူဌေးကြီး၏ တစ်ဦးတည်းသောသားဖြစ်သဖြင့် သူ့ကို သူဌေးသားဟူ၍ ခေါ်လိုက ခေါ်နိုင်ပါ၏။

သို့သော် သူဌေးသားတစ်ယောက်အဖြစ်ဖြင့် သူ့ကို ဆက်ဆံလိုသူ တစ်ဦးတစ်ယောက်မျှ မရှိပေ။

ပုဆိုးနွမ်းတစ်ထည်ကို ဖြစ်သလို ဝတ်ဆင်ကာ ရောက်တတ်ရာရာ သွားလာပြီး အိမ်ပေါက်စေ့ ထမင်းတောင်း၍ စားနေရသော ထိုလူရူးတစ်ယောက်အား မြို့သူမြို့သားအများစုက သာမန်သူတောင်းစားတစ်ယောက်မျှသာ သဘောထားကြလေသည်။

ကွယ်လွန်သွားသော သူဌေးကြီးနှင့် ရင်းနှီးကျွမ်းဝင် နေလာခဲ့ကြသော လူကြီးသူမများကသာ သူ့ဘဝမှန်ကို သိကြ၏။

ဤဘဝသို့ ရောက်ရခြင်းမှာလည်း သာပေါင်းညာစား အမြောက်သမားတို့၏ ပယောဂလည်း ပါသင့်သလောက် ပါ၏။

သို့သော် တကယ်တမ်း တာဝန်အရှိဆုံးက သူဌေးသားကိုယ်တိုင်သာ ဖြစ်ပါသည်။

ဖခင်ဖြစ်သူ သူဌေးကြီးသည် အလှူဒါန ပေးကမ်းခြင်း၊ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းမှာ ဝါသနာထုံခဲ့သလောက် သားဖြစ်သူက အခြားဘက်မှာသာ ဝါသနာပါ၏။

ထို့ကြောင့်ပင် ဖခင်သူဌေးကြီးကွယ်လွန်သွား၍ စုထားခဲ့လေသမျှ ဥစ္စာရတနာများကို အမွေဆက်ခံရသောအခါ လမ်းလေးခွဆုံရာ၌ မဏ္ဍပ်ကြီး၍ ထိုးစေသည်။

ထိုမဏ္ဍပ်က အလှူအတွက် မဟုတ်ပါ။

အမွေရခါစ သူဌေးသား၏ အရက်သောက်ပွဲကြီးသာ ဖြစ်ပါ၏။

ထိုသို့ နေ့စဉ်နေ့တိုင်း စိတ်ထင်တိုင်း သောက်စားပျော်ပါး၏။ ချောချောလှလှ သူသဘောကျသော မိန်းမဆိုလျှင် ပျိုသော အိုသော မရှောင်၊ ငွေနှင့်ပေါက်၍ ဖျက်ဆီးသည်။

ထို့ပြင် အသားစားကြူးသည့် နေရာများမှာလည်း ဘီလူး

ကပင် အရှုံးပေးရလောက်၏။

ယခုတော့ ဤအဇော်ချက်များကို သူ ကောင်းစွာ ခံစားရလေပြီ။ အထိန်းအကွပ်မရှိ စိတ်ထင်တိုင်း ဖြုန်းတီးပစ်ခဲ့သဖြင့် ကုဋေလေး ဆယ်မျှသော အသပြာတို့ ကုန်ဆုံးသည့်အပြင် ဖခင်သူဌေးကြီး ဆောက်လုပ်ထားသော အိမ်နှင့်တကွ မြေယာရှိသမျှကိုပါ တုခွဲ ရောင်းချ၍ သုံးဖြုန်းပစ်၏။

ယခုတော့ ယခင်က သူ့ထံလာရောက် အောက်ကျို့ကာ ညာဝါးစားသောက်လာခဲ့သူများထံမှာပင် မျက်နှာငယ်နှင့် တောင်းစား နေရတော့၏။

ထိုအတိုင်းသာ ဆိုပါက ဤသူဌေးသားသည် မကြာမီပင် တော်ပြတ်၍ သေဆုံးပေတော့မည်။

ကံကြမ္မာဟူသည် ဆန်းကြယ်လွန်းလှ၏။

သူတော်ကောင်း မဟာတိပါဘဲလျက် နတ်ကောင်း၏ မစခြင်း ကို ခံယူကာ ယခင်ကအတိုင်း ပြန်လည်သုံးနိုင်ဖြုန်းနိုင် ဖြစ်လာ ပြန်သည်။

ကုသိုလ်ကောင်းမှုမျိုးစုံ ပြုလုပ်ခဲ့သော သူ့ဖခင်သူဌေးကြီး သည် ယခုအခါ သာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်နေ သည်။

သူသည် ယခင်ဘဝက သားလေး၏အခြေအနေကို ဆင်ခြင်ကြည့်ရှုလိုက်ရာ မကြာမီတော်ပြတ်၍ သေဆုံးရတော့မည့် အလားအလာကို တွေ့မြင်သွားသည်။

ထို့ကြောင့် သားဖြစ်သူထံ ဆင်းလာပြီး လိုအပ်သမျှကို နိုက်ယူသုံးစွဲနိုင်သော ဂုဏ္ဍာသယအိုးကို ပေးထားခဲ့၏။

ဤအိုးကို မကွဲအောင် ထိန်းသိမ်းထားဖို့လည်း အတန်တန် သတိပေးထားခဲ့၏။

သူဌေးသားကလည်း ဖခင်၏စကားကို လေးလေးစားစား လက်ခံသည်။

ဤဂုဏ္ဍာသယအိုးကိုတော့ ရာသက်ပန်ထိန်းသိမ်း သွားရမည်ဟု အမိန့်ခြာန်ပြုပါသည်။

သို့သော် ထိုအမိန့်ခြာန်ချက်မှာလည်း အရက်ထဲ မျောပါသွားလေရာ လိုရာရနိုင်သော ဂုဏ္ဍာသယ အိုးကိုပင် ကောင်းကင်သို့ မြှောက်၍ ကစားမိတော့၏။

မိမိပုဆိုးကိုမှ နိုင်မြဲအောင် မဝတ်နိုင်သော သူဌေးသားသည် ကောင်းကင်က ကျလာသောအိုးကို ဖမ်းနိုင်ခြင်းမရှိဘဲ မြေသို့ကျကာ အစိပ်စိပ် အမွှာမွှာ ကွဲသွားလေတော့၏။

အရက်သမားအား သိကြားမင်းပေးခဲ့သော ဂုဏ္ဍာသယအိုး

မရှိသည့်နောက်တွင် သူဌေးသားသည်လည်း ဝေါ်ပြတ်ကာ သေပွဲဝင်လေတော့သည်။

*(သုရာဃဋဇာတ်၊ တိကနိပါတ်)*

ဖိတ်ဆွေစာပေ

# သညာကင်း၍ သတိယွင်းရ၏

ဟိမဝန္တာတောကြီးသည် ရသေ့ရဟန်းတို့အား အေးချမ်းဆိတ်ငြိမ်သော ကျောက်လိုဏ်ဂူများကိုလည်းပေးသည်။ နားနေခိုလှုံစရာ အရိပ်အာဝါသကိုလည်း ပေးသည်။

လျှော်တေသက်နှိုး ရက်စရာ လျှော်ပင်များကိုလည်း ပေးသည်။ သောက်သုံးရန် ရေနှင့် စားကောင်းသောက်ဖွယ် အမည်မည်သော သစ်သီးများကိုလည်းပေးသည်။

တောပျော်ရသေ့ရဟန်းများအတွက် လိုအပ်ချက်အဝဝကို ပေးခဲ့သော ဟိမဝန္တာသည် လက်လုပ်ချဉ်နှင့်ဆားကိုကား မပေးနိုင်ပါ။

သို့ကြောင့် တောတောင်ထဲမှာ ရရာသစ်သီးများနှင့် စားသောက်နေထိုင်လာခဲ့ကြသော ရသေ့များ၏ ကိုယ်ခန္ဓာမှာ မအီမသာ ဖြစ်လာရသည်။

သို့နှင့် ရှာန်အဘိညာဉ်ရ ဆရာရသေ့ကြီးထံ ခွင့်ပန်ပြီးလျှင် တပည့်ရသေ့ငါးရာတို့သည် ဟိမဝန္တာမှ ထွက်လာကြပြီးလျှင် ဗာရာဏသီမြို့တော်အနီးသို့ ချဉ်းကပ်လာကြလေသည်။

မြို့တော်အနီးရှိ မင်းဥယျာဉ်သို့ ဝင်ရောက်တည်းခိုပြီးလျှင် မြို့ပြင်ဘက်ရှိ ရွာများသို့ ဆွမ်းခံဝင်ကြသည်။

ထိုအခါမှ သွေးသားထဲက တောင့်တလာခဲ့သော အချဉ်ဟင်းနှင့် ဆားများ သုံးဆောင်ရကာ နေသာထိုင်သာ ဖြစ်လာကြရ၏။

ရသေ့ငါးရာတို့သည် နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ ဗာရာဏသီမြို့တော်တွင်းသို့ ဝင်၍ ဆွမ်းခံကြသည်။

ရသေ့တို့၏ တည်ကြည်ငြိမ်သက်သော ဣန္ဒြေတို့ကို ကြည်ညိုကြသဖြင့် မြို့သူမြို့သားများကလည်း ဆွမ်းဘောဇဉ်များ လောင်းလှူကြ၏။

ရသေ့များရောက်လာ၍ သုံးရက်မြောက်သောနေ့တွင် ပြည့်ရှင်မင်းကြီးကိုယ်တိုင် ရသေ့တို့၏ ကောင်းသတင်းများ ကြားရ

သည်။

သို့ဖြစ်၍ မင်းကြီးကိုယ်တိုင် ဥယျာဉ်တော်သို့ လာရောက်၍ ရသေ့များကို ရှိခိုးပြီးလျှင် ဤဥယျာဉ်တော်မှာပင် ဝါတွင်းလေးလ ပတ်လုံး သီတင်းသုံးကြရန် ပန်ကြားလေသည်။

နေ့စဉ်နေ့တိုင်း နန်းတော်တွင်းသို့ ဆွမ်းခံကြွကြရန်လည်း ဖိတ်ကြားသည်။ ရသေ့ငါးရာတို့ကလည်း လက်ခံလိုက်ကြ၏။

ဤသို့ဖြင့် ရသေ့များသည် မင်းဥယျာဉ်တော်၌ ချမ်းမြေ့စွာ နေထိုင်ရင်း မင်းကြီး၏ ဆွမ်းအလှူကို ခံယူ၍ နေထိုင်လာကြရာ တစ်နေ့သောအခါတွင်ကား စိတ်ဖောက်ပြားစရာ ပေါ်လာရတော့၏။

ဗာရာဏသီမြို့တော်ကြီး၏ ထုံးတမ်းစဉ်လာအရ ကျင်းပလာခဲ့သော ပွဲတော်များတွင် သေသောက်ပွဲတော်လည်း ပါဝင်လေသည်။

မင်းနှင့်တကွသော ပြည်သူပြည်သားတို့သည် ပွဲတော်ရက် မရောက်ခင်ကပင် ကြိုတင်စီမံထားသော သေရည်များကို မိမိတို့ ကိုယ်တိုင်လည်း သောက်၏။ မိမိတို့အိမ်ရောက်လာသော ဧည့်သည်များကိုလည်း တိုက်လေ့ရှိကြ၏။

ထိုပွဲတော်ရက် နံနက်ခင်းတွင် ရသေ့ငါးရာတို့သည် ခါတိုင်း

လိုပင် မင်းကြီးနန်းတော်သို့ ဆွမ်းခံဝင်ကြသည်။

ပြည့်ရှင်မင်းကြီးသည် သေရည်နှင့် ရသေ့ရဟန်းတို့ မအပ်စပ်ပုံကို မသိသေးသဖြင့် မိမိကြည်ညိုလေးစားသည့် ရသေ့များအား သေရည်များ ဆက်ကပ်စေသည်။

ရသေ့များကသည်း ဆရာသမားနှင့် ကင်းကွာ နေခိုက်ဖြစ်၍ မေ့မေ့လျော့လျော့ဖြစ်ကာ ဆက်ကပ်လာသော သေရည်များကို သောက်ကြ၏။

ဒါတိုင်းနေ့များတွင် မင်းကြီးနန်းတော်မှ ရသေ့များ ဆင်းလာသည်ကို ဖူးရသည်မှာ လွန်စွာနှစ်လိုဖွယ်ကောင်းလှသည်။

မျက်လွှာကိုချကာ ငြိမ်သက်စွာ ကြွလာကြသည်။ နီညိုရောင် လျှော်တေသက်န်းတို့ကို ပိရိသေသပ်စွာ ဝတ်ရုံကာ ဆွမ်းသပိတ်များကို ပွေ့ပိုက်လျှင် ကြီးစဉ်ငယ်လိုက် တန်းစီ၍ ကြွလာကြ၏။

ယနေ့နံနက်မှာမူ ယခင်နေ့များနှင့် လုံးဝခြားနားသွား၏။

ဘုန်းတော်လှေကားမှ ဆင်းလာကြသည်နှင့် တစ်ပါးနှင့် တစ်ပါးတို့ တိုးဝှေ့၍ ရှေ့ကသွားနိုင်အောင် ကြိုးစားကြ၏။

ရောက်တတ်ရာရာများ ပြောဆိုကြပြီးလျှင် အချို့က သီချင်းများ သီဆိုကြသည်။ အချို့က သပိတ်များကို မြှောက်ကာ

ကစားသွား၏။

မြို့သူမြို့သား အများကလည်း သေရည်သောက်စားထား သည်ဖြစ်၍ ရသေ့တို့၏ ဖောက်ပြန်သော အမူအရာကို အပြစ် မဆိုကြပေ။

မိမိတို့နှင့် ထပ်တူထပ်မျှ ပျော်ပျော်ကြီး ရှိနေကြသဖြင့် အားရဝမ်းသာ အားပေးလိုက်ကြသေး၏။

ကေးတကျော်ကျော်ဖြင့် လှမ်းလာခဲ့ကြရာ ဥယျာဉ်တော်သို့ အရောက်တွင်ကား ရသေ့များ မဟာန်နိုင်ကြတော့ပေ။

သောက်ထားသော သေရည်က အစွမ်းကုန် အရှိန်ပြပြီမို့ ရောက်သည့်နေရာမှာပင် ထိုး၍ အိပ်ကြတော့၏။

ခံယူလာခဲ့သော ဆွမ်းများမှာလည်း ဖိတ်စင်ပြန့်ကြကာ ကျိုးနှင့်ခွေးများ တရုန်းရုန်း ဖြစ်နေကော့၏။

သေရည်အရှိန်ဖြင့် ကိုးရိုးကားရား အိပ်စက်နေကြသော ရသေ့များသည် ညနေစောင်းကာမှ အိပ်ရာမှ နိုးလာကြသည်။

ဤအခါမှ မိမိတို့ ဖောက်ပြန်ခဲ့ကြပုံ အလုံးစုံကို ပြန်လည် သုံးသပ်ကာ အလွန်တရာ ရှက်ကြရလေသည်။

"သူတော်ကောင်းတို့နဲ့ မသင့်သည်ကို ငါတို့ လွန်ကျူးမိခဲ့ လေဘိ၏"

ဟု ရေရွတ်ကာ သည်းထန်စွာ ငိုကြွေးကြလေသည်။

ဤသို့ သတိသံဝေဂရလိုက်သည့် တစ်ခဏမှာပင် ငါးရာသော ရသေ့တို့သည် မိမိတို့သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ကို ကိုယ်စီ လွယ်လိုက်ကြပြီးလျှင် မင်းဥယျာဉ်မှ ထွက်ခွာ၍ ဟိမဝန္တာတောသို့ ဝင်ကြလေ၏။

မိမိတို့ကျောင်းသခမ်းသို့ ပြန်ရောက်လျှင် သပိတ်ပရိက္ခရာများကို နေရာတကျ သိမ်းဆည်းကြပြီး ဆရာရသေ့ကြီးထံ ဝင်၍ ဦးခိုက်ရှိခိုးကြသည်။

ထိုအခါ ဆရာရသေ့ကြီးက တပည့်များအား လူတို့ရပ်ဌာနီ တွင် နေခဲ့ရပုံများကို မေးမြန်းလေသည်။

"ဆရာအရှင်မြတ်ဘုရား ... လူတို့ရပ်ဌာနီတုန်းက တပည့် တော်တို့မှာ သညာကင်းလွတ် သတိချွတ်စေတတ်တဲ့ အသရည်ကို သောက်မိခဲ့ဘိ၏၊

ရယ်ရွှင်မြူးတူးစွာလည်း ကခဲ့ကြရဘိသည်၊

ရသေ့ဘဝမှ ပျောက်ဘ၀ မရောက်ရုံသာ ရှိပါဘိတော့၏ ဘုရား"

ထိုသို့ တပည့်ရသေ့များ၏ နောင်တကြီးစွာဖြင့် လျှောက်ထား ကြရာ ဆရာရသေ့ကြီးက ...

မိတ်ဆွေစာအုပ်

"ဆရာသမားနှင့် ကင်းကွာနေမှတော့ ဒီလိုပဲ ဖြစ်ကြရတိ" ဟု ခွင့်လွှတ်သော စိတ်ထားဖြင့် မိန့်ကြားလေသည်။

*(သုရာပါနဇာတ်၊ ဧကနိပါတ်)*

မိတ်ဆွေစာပေ

# သိကြားမင်း၏သေရည်အိုး

ဟိမဝန္တာတောကြီး၏ ဟစ်နေရာတွင် သုံးခွဆိုင် သစ်ပင်ကြီး တစ်ပင်ရှိ၏။

သုံးခွတို့၏ဗဟိုချက်နေရာတွင် ချိုင့်ခွက်ကြီး ဖြစ်နေသည်။ အကျယ်ရော အနက်ပါ အိုးစရည်းကြီးတစ်လုံးစာလောက် ရှိသည်။ မိုးရွာသောအခါတွင် ထိုသစ်ဆုံချိုင့်ခွက်ကြီး၌ ရေများ ပြည့်လာ၏။

ထိုသစ်ဆုံပင်ကြီး၏ ပတ်လည်တွင် ဖန်းခါးပင်၊ သျှိသျှားပင်နှင့် ငရုတ်ကောင်းပင်တို့ ရှိကြရာ ထိုသစ်ပင်များမှ အသီးအချို့သည် ထိုချိုင့်ခွက်ကြီးထဲသို့ ကြွေကျကြ၏။

မိတ်ဆွေစာပေ

ထိုသစ်ဆုံပင် အနီးမှာပင် အလိုလို ပေါက်ရောက်ဖြစ်ထွန်းနေသော သလေးစပါးခင်းလည်း ရှိနေသည်။

ကျေးငှက်များသည် ထိုသလေးစပါးခင်းမှ စပါးနှံတို့ကို ကိုက်ဖြတ်ချီယူကာ ထိုချိုင့်ခွက် အရိပ်ခင်း၌ နား၍ စားကြသည်။

သို့နှင့် သလေးစပါးစေ့အချို့သည်လည်း ချိုင့်ခွက်ကြီးထဲသို့ ကျလာကြ၏။

ဤသို့ ပစ္စည်းမျိုးစုံ စုပြုံကျရောက်နေသော သစ်ဆုံတွင်းမှ ထိုရေကို နေပူရှိန်တပ်ဖန်များလာသောအခါ အနီရောင်သန်းလာသည်။

နွေအခါ ရေဆာသော ကျေးငှက်များသည် ထိုရေကို သောက်မိကြသည်။ သောက်၍ ဝလာသည်နှင့် ဇက်ကျိုးကျ၍ ခြေကုပ်များလွတ်ထွက်ကာ သစ်ပင်ထက်မှ ပြုတ်ကျလာကြ၏။

ကာသိကတိုင်းသား သုရာမည်သော မုဆိုးသည် ထိုအဖြစ်ကို မြင်သောအခါ အထိတ်တလန့် ဖြစ်သွားသည်။

သူသည် တောသတ္တဝါတွေ့သမျှကို ပစ်ခတ်သူ မဟုတ်ပေ။

ဆင်၊ ဆင်၊ စာမရီသားမြီး စသော အဖိုးတန်ပစ္စည်းများကို လှည့်လည်ရှာဖွေရင်း သစ်ပင်ကြီးနားသို့ အမှတ်မထင် ဝင်ရောက်လာမိ၏။

သုရာမုဆိုး အထိတ်တလန့်နှင့် ကြည့်နေဆဲမှာပင် အသေကောင်ကဲ့သို့ ဖြစ်နေကြသော ကျေးငှက်များသည် သက်ဝင်လှုပ်ရှားလာကြသည်။

ထို့နောက် ဘာသာဘာဝ ဟစ်ကြွေးပြီး ရွှင်လန်းတက်ကြွသော အမူအရာဖြင့် ပျံသွားကြ၏။

ထိုအခါမှ သုရာမုဆိုးသည် သစ်ခွဆုံထဲက ရေမှာ အဆိပ်မဟုတ်နိုင်၊ တစ်စုံတစ်ခုသော အစွမ်းသတ္တိ တည်ရှိနေခြင်းသာဖြစ်ကြောင်း သဘောပေါက်ကာ သစ်ဆုံချိုင့်တွင်းမှ ရေကို လက်ခုပ်ဖြင့် ခပ်သောက်ကြည့်ရာ ခေါင်းထဲ မူးနောက်ရီဝေ၍လာသည်။ ထိုင်းမှိုင်းလေးလံခြင်း မရှိဘဲ စိတ်ထဲ၌ ပို၍ တက်ကြွရွှင်မြူးလာသည်။

ဝါချင်ခုန်ချင် ဖြစ်ရင်းက အသားစားချင်စိတ်လည်း ပြင်းပြလာသည်နှင့် သစ်ပင်ရင်း၌ မူးမေ့၍ ကျနေသော ကျေးငှက်များကို ကောက်ယူကာ မီးကျီးရဲရဲမှာ ကင်စားလေတော့၏။

ငှက်သားကင်ကို တစ်ဖက်ကစားရင်း ကျန်လက်တစ်ဖက်က ကွေးနေအောင် ကနေ၏။

လူ့စိတ်ပုံမှန်သဘောမှ ရွှေ့လျောအောင် စွမ်းဆောင်နိုင်သေ ထိုအရည်ကို သုရာမုဆိုးက စတင်တွေ့ရှိသဖြင့် သုရာရည်ဟူ၍ အမည်တွင်လာ၏။

သုရာမုဆိုးသည် ထိုသစ်ပုပ်မှာပင် နှစ်ရက်နေပြီးမှ ချိုင့်ခွက်ထဲမှ သုရာရည်ကို ဝါးကျည်တောက်ဖြင့် သယ်ယူပြီးလျှင် ငှက်သားကင်နှင့်တကွ ဝရုဏရသေ့ထံသွား၍ ဆက်ကပ်သည်။

ဝရုဏရသေ့လည်း သုရာရည်သောက်၍ ငှက်သားကင်စားနှင့် အကြိုက်တွေ့၍သွား၏။

ထို့နောက် သုရာမုဆိုးနှင့် ဝရုဏရသေ့တို့သည် သုရာရည်၏ အရသာကို အခြားသူများပါ ခံစားစေလိုသဖြင့် ဝါးကျည်တောက်ကြီးများဖြင့် သယ်ယူပြီးလျှင် အစွန်အဖျားနယ်ပယ်တစ်ခုကို အုပ်ချုပ်ရသော မင်းထံသို့ သွားရောက်ဆက်သကြသည်။

ထိုမင်းလည်း သုရာရည်၏အရသာကို စွဲမက်၍ သောက်ပေရာ မကြာမီမှာပင် ကျည်တောက်များအားလုံး ကုန်သွားတော့သည်။

ထိုမင်းလည်း ထပ်မံ၍ သယ်ဆောင်စေပြန်ရာ ဝရုဏရသေ့နှင့် သုရာမုဆိုးတို့မှာ ဟိမဝန္တာသို့ သွားရောက်သယ်ဆောင်ရ၏။

ဤသို့ဖြင့် အခေါက်ခေါက်အခါခါ ပင်ပန်းကြီးစွာ သယ်ဆောင်ရသောအခါ သုရာရည်ထဲမှာ ပါဝင်သော ပစ္စည်းများကို သေချာစွာ မှတ်သား၍ စုဆောင်းလာပြီး နန်းတော်ကြမှ ပြန်၍

ချက်သည်။

လိုအပ်သော ပစ္စည်းများ စုံလင်ကာ ချက်လုပ်ရေးတွင်လည်း နေရာကျသဖြင့် သစ်ခွဆုံချိုင့်ခွက်ထဲမှ သုရာရည်ကဲ့သို့ပင် အာနိသင်ကြီးမားလှ၏။

မင်းနှင့်တကွ တိုင်းသူပြည်သားတို့သည် သုရာရည်ကို သောက်၍ မူးယစ်မေ့လျော့ကာ အလုပ် လုပ်ကိုင်ခြင်း မရှိကြတော့သဖြင့် မကြာမီမှာပင် ဆင်းရဲကြပ်တည်း၍ လာကြသည်။

ဤတွင် ဝရုဏရသေ့နှင့် သုရမုဆိုးတို့သည် ထိုတိုင်းပြည်မှ တိတ်တဆိတ်ထွက်ကာ ဗာရာဏသီမြို့တော်သို့ လာခဲ့ကြသည်။

သုရာရည် သောက်စားမူးယစ်ကုန်၍ ဗာရာဏသီမင်း နေပြည်တော်တစ်ခုလုံး ဆင်းရဲကြပ်တည်းသွားကြသောအခါ ဝရုဏရသေ့နှင့် သုရာမုဆိုးတို့သည် သာကေတမင်း နေပြည်သို့ သွားကြပြန်သည်။

ထို့အတူ သာကေတမင်း နေပြည်ကြီးတစ်ခုလုံး ဆင်းရဲမွဲတေ သွားသောအခါ သာဝတ္ထိမင်း နေပြည်တော်သို့ ပြောင်းလာကြပြန်၏။

ထိုစဉ်အခါက သာဝတ္ထိမင်းနေပြည်တွင် သဗ္ဗမိတ္တမင်း ထီးနန်းစိုးစံ၍နေရာ ဝရုဏရသေ့နှင့် သုရမုဆိုးတို့သည် မင်းထံဝင်ရောက်

ခစားကာ မိမိတို့တတ်မြောက်ထားသော အဟတ်ပညာဆန်းကို လျှောက်တင်ကြသည်။

သဗ္ဗမိတ္တမင်းလည်း ထိုအတတ်ပညာကို စိတ်ဝင်စားတော်မူသဖြင့် လိုအပ်သော ပစ္စည်းများကို ထုတ်ပေးတော်မူ၏။

ဝဍ္ဍာရဇသနှင့် သုရာမုဆိုးတို့သည် အိုးစရည်းကြီးငါးရာတို့ဖြင့် သုရာရည်များ ချက်လုပ်ကြသည်။

ထိုသုရာရည်များကို ကြွက်များလာ၍ မသောက်ဝံ့စေရန် အိုးတစ်လုံးအနီးတွင် ကြောင်တစ်ကောင်ကျဖြင့် ကြောင်အကောင်ငါးရာကို ချည်နှောင်ထား၏။

နေပူရှိန်ပြင်းလာ၍ သေရည်များ ဆူပွက်ကျလာသောအခါ ကြောင်များက လျက်ကြသည်။

မကြာမီမှာပင် ထိုကြောင်များအားလုံးသည် အိုးစရည်းများကြားတွင် တုံးလုံးပက်လက် ဖြစ်ကုန်ကြတော့သည်။

စောင့်ကြည့်နေကြသော အစောင့်များသည် ထိုအကြောင်းကို လျှောက်တင်ပြရာ သဗ္ဗမိတ္တမင်းသည် အမျက်ထွက်တော်မူသည်။

"ဤရဇသနှင့် မုဆိုးသည် …, လတ်တလော သေစေတတ်သည့် အဆိပ်တွေ ချက်လုပ်ကြရဘိ၊ သင်းတို့အား … သတ်စေဘိလော့"

မိတ်ဆွေစာပေ

ထိုသို့ မိန့်တော်မူရာ ရဲမက်များ သွားရောက်၍ ရသေ့နှင့် မုဆိုးအား ဖမ်းဆီးကြ၏။

ရသေ့နှင့်မုဆိုးတို့သည် သတ်ခံရမည့် ဆဲဆဲမှာပင် ...

"အရှင်မင်းကြီး လွန်စွာအရသာထူးကဲလှပါဘိခြင်း"

ဟု လျှောက်တင်သွား၏။

ထို့နောက် မကြာမီမှာပင် တုံးလုံးပက်လက်ဖြစ်နေကြသော ကြောင်များသည် သုရာရည်အမူးပြေ၍ ထလာကြသောအခါ တက်ကြွ ရွှင်လန်းစွာဖြင့် တစ်ကောင်နှင့်တစ်ကောင်ဖက်ကာ ပျော်ရွှင်စွာ ကစား နေကြလေသည်။

ထိုအခါမှပင် သဗ္ဗမိတ္တမင်းသည် သုရာရည်၏ ဂုဏ်သတ္တိကို ရိပ်မိလာကာ တခမ်းတနား မဏ္ဍပ်ကြီး ထိုးစေတော်မူပြီး သုရာရည် သောက်ပွဲ ကျင်းပရန် ပြင်ဆင်တော်မူ၏။

မဏ္ဍပ်ကြီး၏ အလယ်ဗဟိုတွင် ထီးဖြူအုပ်မိုးထားသော ရာဇပလ္လင် ခင်းကျင်းထားသည်။ မှူးကြီးမတ်ရာ သေနာပတိများ နှင့်တကွ မြို့တော်သူ မြို့တော်သားတို့လည်း မဏ္ဍပ်ကြီးနှင့် အပြည့် ရောက်ရှိနေသည်။

မင်္ဂလာအခါတော် ကျရောက်သောအခါ သဗ္ဗမိတ္တမင်းသည် ထီးဖြူမိုးထားသော ရာဇပလ္လင်ထက် တက်ပေါ်မူပြီးနောက် ရွှေ

ခွက်၌ ထည့်ထားသော သေရည်ကိုသောက်ရန် မ,ယူလိုက်၏။

ထိုစဉ်ခိုက်မှာပင် သဗ္ဗမိတ္တမင်း၏ ရှေ့တည့်တည့် ကောင်းကင်ယံ၌ ပုဏ္ဏားတစ်ယောက် ပေါ်လာကာ ...

"သည်အိုးကို ဝယ်ကြပါဘိ၊ သည်အိုးကို ဝယ်ကြပါဘိလော"

ဟု ပြောဆို၏။

ထိုအခါ သဗ္ဗမိတ္တမင်းက ...

"အို ... ပုဏ္ဏား၊ သင့်အိုးက ဘာအိုးဖြစ်ဘိသနည်း"

ဟု မေးမြန်းတော်မူ၏။

"အရှင်မင်းကြီး ... ဒီအိုးဟာ ထောပတ်အိုးလည်း မဟုတ်ဘိ၊ ဆီအိုးလည်းမဟုတ်၊ တင်လဲအိုးလည်းမဟုတ်၊ ပျားရည်အိုးလည်း မဟုတ်ပါဘိ၊ ဒီအိုးရဲ့ အပြစ်များက များစွာရှိပါဘိ၊

အရှင်မင်းကြီး ... ဒီအိုးထဲက အရည်ကို သောက်ပြီးသွားပါက ခြေလှမ်းတိုင်းလှမ်းတိုင်း ဗိုင်းကနဲ လဲပြိုကျတတ်ပါဘိသည်။ ကမ်းပါးပြတ် ရေတွင်း ရေကန် လိုဏ်ခေါင်း ရွံ့နွံအိုင်များအတွင်းသို့ လိမ့်ကျတတ်ပါဘိ၏။ မစားသင့်တဲ့အစားအစာများကိုလည်း တနင့်တပိုး စားမိစေတတ်ပါဘိ။ အခြေအနေမဲ့တစ်ယောက်လို ခြေဦးတည့်ရာ လှည့်လည်နေတတ်ဘိ၏။ ကိုယ့်အသက်အရှယ်

ကိုယ့်အရှက်သိက္ခာကိုမှ ထောက်ညှာရကောင်းမှ မသိဘဲ လမ်းတကာ ဝင်ထွက်ပြီး တေးသီချင်းလည်း ဆိုတတ်ပါဘိသည်။ ကိုးရိုးကားရားလည်း ကခုန်တတ်ပါဘိသည်၊

အရှင်မင်းကြီး ... ဒီအိုးထဲက အရည်ကို သောက်မိတဲ့အတွက် တက္ကဒွန်းကြီးများလို ကိုယ်တုံးလုံး အနေအထားနဲ့ ရွာထဲမှာ လျှောက်လည်တတ်ပါ၏။ ဗိုလ်ပုံအလယ်မှာ မဖွယ်မရာလည်း ပြောဆို တတ်ပါ၏။ သတ်ပုတ်ညှဉ်းဆဲခြင်းလည်း ခံကြရပါဘိ၏။ စည်းစိမ် ဥစ္စာပြောက်ပြားစွာလည်း ဆုံးရှုံးနစ်နာကြရဘိသည်၊

အရှင်မင်းကြီး ... ဒီအိုးထဲက အရည်ကိုသောက်မိတဲ့ယောကျ်ားဟာ စိတ်မိုက်စိတ်ရိုင်းများ ဝင်လာပြီး မိဘများကိုပင် ဆဲရေးတတ်ဘိ၏။ ယောက္ခမ၊ ချွေးမ၊ သမီးတို့ကိုပင် ကိလေသာစိတ်နဲ့ ဆွဲကိုင်မိတတ်ဘိ၏။ ဒီအိုးထဲကအရည်ကို မိန်းမများသောက်မိပါကလည်း စိတ်မိုက်စိတ်ရိုင်းများ ဝင်လာပြီး ယောက္ခမနဲ့ လင်သားမောင်ဘွားကိုပင် ဆဲရေးတတ်ပါဘိ၏။ ကိုယ့်အိမ်မှ အစေအပါး ခံနေရသလို ယောကျ်ားပျိုများကိုပင် ကိလေသာစိတ်နှင့် ဆွဲကိုင် လုပ်ရမ်းတတ်ဘိ၏။

အရှင်မင်းကြီး ... မူလက အရှက်အကြောက်ကြီးခဲ့သူများပင် ဒီအိုးထဲက အရည်ကို သောက်လိုက်ရုံနှင့်ပင် အရှက်အကြောက်များ

ပျောက်ကွယ်သွားဘိ၏။ အသိဉာဏ်ပညာ ကြွယ်ဝပြီးဖြစ်သည့် ပုဂ္ဂိုလ်ကြီးများပင် ရောက်ခတ်ရာရာ ပြောချင်ရာ ပြောမိတတ်ကြ ဘိသည်။ လိမ်လည်မုသား ပြောဆိုရန်လည်း ဝန်မလေးတတ်ပါ

အရှင်မင်းကြီး ... ဒီအိုးထဲမှာ ရှိနေတာကတော့ နို့ခမ်းလည်း မဟုတ်ပါ။ များရည်လည်း မဟုတ်ပါ။ သောက်မိတဲ့လူသား အားလုံး ကို ဆုံးရှုံးစေတတ်၊ နစ်နာစေတတ်၊ ဆုတ်ယုတ်ပျက်စီးစေတတ်တဲ့ သုရာရည်များသာ ဖြစ်ပါဘိ၊

ဒီအရည်ရဲ့ သဘောလက္ခဏာကိုလည်း ကျယ်ပြန့်စွာ ပြောဆိုပြီ ဖြစ်ပါဘိ၊

ဒါကြောင့် ကျွန်ုပ်၏ သေရည်အိုးကို အရှင်မင်းကြီး ဝယ်ယူပါ ဘိလော”

ဤသို့ ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းက သုရာရည်သောက်စား၍ အများမျိုးစုံ တွေ့တတ်ပုံ ပြောပြရာ သဗ္ဗမိတ္တမင်းလည်း သတိသံဝေဂရရှိလာလေသည်။

အများလမ်းသို့ လျှောက်လှမ်းတော့မည့်ဆဲဆဲတွင် လာ ရောက်၍ သတိပေးဆုံးမသဖြင့် ကျေးဇူးတင်စကား ပြောဆိုကာ ပုဏ္ဏား၏တားမြစ်ချက်ကို လက်ခံပါမည်ဟုလည်း ကတိပြုတော် မူလေသည်။

ထို့နောက် ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းသည် သဗ္ဗမိတ္တမင်း၏ ရှေ့မှောက်မှာပင် ကွယ်ပျောက်သွားသည်။

သဗ္ဗမိတ္တမင်းသည် အစီအရီခင်းကျင်း ပြင်ဆင်ထားသော သုရာရည်အိုးကြီးများကို ရိုက်ခွဲစေတော်မူပြီးလျှင် လောက သံသရာ နှစ်ဌာနလုံးအတွက် အကျိုးရှိစေနိုင်သော ကုသိုလ်ကောင်းမှုများ ကိုသာ ကြိုးစားအားထုတ်လေတော့သတည်း။

*(ကုမ္ဘဇာတ်၊ တိံသနိပါတ်)*

# ရှုသော်ငြားလည်း

ရှေးအခါက ကာသိတိုင်းတွင် ငတ်မွတ်ခေါင်းပါးသော ကပ်ဘေးကြီး ကျရောက်လာရာ ကျီးငှက်များ အခက်ကြုံကြရတော့၏။

လူတို့မှာ မိမိတို့၏ ဝမ်းကိုပင် ဝလင်စွာ မစားကြရသဖြင့် ကျီးငှက်များ ကျွေးရန် မတတ်နိုင်ကြတော့ပေ။

နတ် နဂါးများကိုလည်း တင်မြှောက်ပသခြင်း မပြုနိုင်။

သို့ဖြစ်၍ ကာသိတိုင်းတစ်ခွင်မှ ကျီးအများသည် ဟိမဝန္တာတောသို့ ပြေးဝင်ခိုလှုံကြရတော့၏။

ဟိမဝန္တာသို့ ပြေးဝင်ခိုလှုံလာကြသော ကျီးများတွင် သဝိဋ္ဌကတို့ ကျီးလင်မယားလည်း ပါလာကြသည်။

ပိတ်ယွေတာပေ

သူတို့သည် အင်္ကော်အတန်ကြီးမားသော ရေအိုင်တစ်ခုကို တွေ့ရသောအခါ ထိုနေရာမှာပင် အခြေချနေထိုင်ရန် ဆုံးဖြတ်လိုက်ကြသည်။

အိုင်အနီးရှိ သစ်ပင်တစ်ပင်ပေါ်တွင် နေရာယူကာ အိုင်စပ်တစ်လျှောက် လှည့်လည်၍ အစာရှာကြ၏။

သူတို့သည် ကုန်းပေါ်မှာသာ ကျင်လည်စွာ ကျက်စားလာခဲ့ကြသည်ဖြစ်၍ ရေထဲက ငါးကို ဖမ်းယူ၍ မရနိုင်ပေ။

ကမ်းစပ်သို့ အမှတ်တမဲ့ ရောက်လာသော ငါးကလေးများ၊ ပုစွန်လုံးကလေးများလောက်သာ မဝရေစာ စားသောက်နေကြရ၏။

ထိုအချိန်မှာပင် ဝိရကအမည်ရှိသော ကင်ကျီးတစ်ကောင်သည် သူနေထိုင်ရာ သစ်ပင်ပေါ်မှ ဆင်းလာပြီးလျှင် ရေအိုင်ပေါ်သို့ နိုက်ချလာသည်။

ရေအိုင်အလယ်တည့်တည့်သို့ ထိုးဆင်းငုတ်လျှိုးသွားကာ မကြာမီမှာပင် ဝဖြိုးသော ငါးတစ်ကောင်ကို ကိုက်ချီလျက် ပေါ်လာသည်။ တင်ကျီးသည် ထိုငါးကို ကမ်းမှာပင်ချ၍ စားပြီး နောက်တစ်ဖန် ရေထဲသို့ ငုပ်သွားပြန်သည်။

ဝိရက၏ ရေငုပ်ကျင်လည်ပုံ၊ ငါးတွေအများကြီးစားရပုံကို ကြည့်ကာ သဝိဋ္ဌကတို့ကျီးလင်မယားမှာ တအံ့တဩ ဖြစ်နေကြ

သည်။

မိမိတို့ဘာသာ မဝရေစာ ရှာစားနေရမည့်အစား ဝိရကကို မှီခိုကပ်ရပ်၍ စားသောက်ရန် အကြံရလာကြသည်။

သို့နှင့် ဝိရက ရေထဲက ပေါ်လာသောအခါ သဝိဋ္ဌကသည် ဝိရကထံ ချည်းကပ်၍ အရိုအသေပေးလိုက်၏။

"အဆွေ ... ဘာများ အလိုရှိပါသိ"

"အို ... အရှင်၊ အရှင့်ထံပါးမှာ ခစားပြီး နေပါရစေ"

"ကောင်းပါဘိ ... နေကြလော့"

ဝိရကသည် သဝိဋ္ဌက၏ ပန်ကြားချက်ကို လက်ခံကာ ရေအိုင်ထဲက ငါးများကို ဖမ်းယူ၍ ကျွေးမွေး၏။

သဝိဋ္ဌကသည်လည်း ဝိရကရှာပေးသော ငါးများကို ဝလင်စွာ စားသောက်ပြီး ကျန်သမျှကို ဇနီးသည်အတွက် ယူဆောင်လာ၏။

ဗာရာဏသီမြို့တော်တွင် နေစဉ်က အဝေါ်ပတ် အပြတ်ပြတ်ဖြစ်လာခဲ့ရသော သဝိဋ္ဌကတို့ လင်မယားသည် ဤအိုင်နားရောက်ခါမှ ဝဝဖြိုးဖြိုး ဖြစ်လာကြသည်။

အသားအသွေးများ စိုပြေလာသဖြင့် အမွေးအတောင်များပါ တောက်ပြောင်လာသည်။

မိတ်ဆွေစာပေ

ထို့အတူပင် အစာဝသောအခါ မာနကလည်း ခေါင်းထောင်လာတော့၏။

သဝိဋ္ဌကသည် တင်ကျီးဝိရုကဖမ်းယူပေးသော ငါးများကို ထိုင်စားရင်းက ကြာလေ ဘဝင်မကျနိုင်အောင် ဖြစ်လာသည်။

ရေထဲသို့ မွတ်ကနဲ ငုပ်သွားသော ဝိရုက ရေထဲမှ ဘွားကနဲ ပေါ်လာသော ဝိရုက၊ ထိုဝိရုကသည် မိမိကဲ့သို့ပင် အမွေးအတောင်မည်းမှောင်သည်။ သူ၏မျက်စိများသည် မိမိနည်းတူ နီကျင်ကျင်ဖြစ်သည်။ သူ၏နှုတ်သီးနှင့် ခြေသည်းတို့လည်း မိမိနှင့်ဘာမျှခြားနားမှု မရှိပေ။ မိမိနှင့်ထပ်တူကျပ်မျှသာ။

ဤသို့ မခြားနားသော ကျီးတစ်ကောင်က ရေအိုင်ထဲငုပ်ဆင်းပြီး ငါးများ ဖမ်းယူနိုင်သော်လည်း မိမိက အဘယ့်ကြောင့်မတတ်နိုင်ရပါမည်နည်း။

သည်ကရှေ့မှာတော့ ငါ့အစာကို ငါ ... ရှာစားမှဖြစ်တော့မည်။

ကြမ္မာငင်ချိန်ကျလာပြီမို့ သဝိဋ္ဌကသည် မဖွယ်မရာ နှိုင်းယှဉ်လာ၏။

မိမိ၏နှိုင်းယှဉ်ချက်ကို သိဂုဏ်၍ မထားနိုင်တော့သဖြင့် ဝိရုက၏ ယံသို့ပင် ဖွင့်ပြောလိုက်၏။ ထိုအခါ တင်ကျီးဝိရုက က ...

"အဆွေသဝိဋ္ဌက ... ကျွန်ုပ်ရှာဖွေပေးတာနဲ့ မဝလို့များလား။ ကိုယ့်အရာမဟုတ်သည်ကို အတင့်မရဲချင်စမ်းပါနဲ့အဆွေ၊ သင်နဲ့ငါတို့ဟာ ကျီးချင်းတူသော်လည်း ကျွန်ုပ်တို့က ဥထဲက ပေါက်ကတည်းက ရေထဲမှာသာ ကျက်စားကြတာမို့ ရေကောင်းကောင်း ကျင်လည်ကြပါဘိ။ သင်တို့မှာ ကုန်းပေါ်မှာသာ ကျက်စားလာကြပါဘိ၏။ ဒါကြောင့် ရေအကြောင်းကို သင်တို့ မသိနိုင်။ အကျိုးမထူးဘဲ အပျက်စီးမခံချင်စမ်းပါနဲ့အဆွေ"

ထိုသို့ ဖျောင်းဖျနားချသည်ကိုပင် သဝိဋ္ဌက ကျေးဇူးမတင်ပေ။

မိမိ၏အစွမ်းသတ္တိကို ထုတ်ဖော်ခွင့် မရနိုင်အောင် သူ့ထံပါး ထာဝရ မှီခိုသူဖြစ်စေရန် ချော့မော့ထားခြင်းသာဖြစ်သည်ဟု တလွဲတွေး၏။

သဝိဋ္ဌကသည် ဝိရက၏ တားမြစ်ချက်ကို လက်မခံဘဲ ရေထဲသို့ ဇွတ်ဆင်း၍ ငုပ်သွားသည်။

သူသည် ဝိရကနှင့် အတောင်ရော အသွေးရော အကောင်အရွယ်အစားရော တူညီနေသဖြင့် ဝိရကနည်းတူ ငုပ်လျှိုးသွားနိုင်သည်ကား မှန်၏။

သို့သော် ဝိရကနည်းတူ ရေထဲမှာ လေ့လာကျက်စားခြင်း မပြုနိုင်သည့်အတွက် ရေထဲတွင် ကြာကြာမငုပ်နိုင်ပေ။

တစ်ခဏချင်းနှင့် မွန်းကြပ်လာကာ ဇီးတစ်တောင့်မျှ မဖမ်းနိုင်ဘဲ ရေမျက်နှာပြင်ပေါ် ပြန်တက်ရန် ကြိုးစားရတော့သည်။

ကြိုးစားသည့်အလျောက် ရေမျက်နှာပြင်နားသို့ကား ရောက်ပါ၏။

သို့သော် ရေမျက်နှာပြင်ပေါ်၌ ဖုံးအုပ်နေသော မှော်များကိုကား ... သူ ဖောက်ထွင်း၍ မတက်နိုင်။ ဖောက်ထွင်းရန် ကြိုးစား နေဆဲမှာပင် ရေတွေက သူ့ရင်ခေါင်းထဲသို့ ဝင်ကုန်တော့သည်။

သူ့ကိုယ်ခန္ဓာသည် ရေထဲမှာသာ ရှိနေသည်။

လင်ဖြစ်သူ သဝိဌက ပြန်အလာကို ဆာဆာလောင်လောင်နှင့် စောင့်စားနေသော ကျိုးမသည် လင်ဖြစ်သူ ပြန်ချိန်တန်၍မှ မပြန်လာသဖြင့် စိတ်တထင့်ထင့် ဖြစ်ကာ ဗိရကရှိရာ ချဉ်းကပ်လာပြီးလျှင် ...

"အို ... အရှင်ဗိရက ကျွန်မရဲ့လင်ဟာ ဥဒေါင်းငှက်ရဲ့ လည်ဆံမွေးလို စိမ်းညို့တောက်ပတဲ့ အရောင်အဆင်းလည်း ရှိပါဘိ၏။ သူတွန်ကျူးလိုက်တဲ့အခါ အလွန်သာယာလှပါဘိ၊ သဝိဌက အမည်ရတဲ့ ကျွန်မလင်ကို အရှင်မြင်ဘိပါသလော"

သိလိုရေး မေးသည်ကိုပင် ကျိုးမက သူ့လင်ကို မတန်မရာ

ချီးမွမ်းလိုက်သေးအေ်။ ဝီရက ထိုသို့ချီးမွမ်းသည်ကို ဘယ်လိုမှ သဘောမထား။

"အို ... ကျီးမ သင့်လင် သဝိဋ္ဌကတော မိမိကိုယ်တိုင်က ကုန်းပေါ်မှာသာ ကျက်စားလာခဲ့ပါလျက် ကုန်းရောရေပါ ကျွမ်းကျင်လာတဲ့ ငါ့ကို တုပပြီး ရေထဲငုပ် ငါးဖမ်းတယ်တဲ့။ အခုတော့ ရေဖျော်ပုံးလို့ အသက်ဆုံးသွားပေပြီ။ ဟောဟိုက နှုတ်သီးချွန်ချွန်ကလေး ပေါ်နေတာသာ ကြည့်ပါလော့"

ထိုသို့ အဖြစ်မှန်ကို ဖွင့်အန်ဖြေကြားလိုက်သည့်အဆုံးတွင် ကျီးမသည် ဝိတြွေးကာ ဗာရာဏသီမြို့တော်သို့ ပြန်သွားရလေတော့သည်။

*(ဝီရကဇာတ်၊ ဒုကနိပါတ်)*

# မတန်မရာ အစွမ်းပြချင်ရှု

ဖျော့ကမည်သော မြေခွေးသည် ခြသေ့်မင်း စိုးစံရာ ရတနာ ရွှေဂူမှ ထွက်ပြီးလျှင် တောင်ထိပ်သို့ တက်၍ တောင်ခြေပတ်ပတ် လည်သို့ လှည့်၍ ကြည့်လိုက်သည်။

တောင်ခြေတစ်ဝိုက်တွင် အားသာဘာဝ ကျက်စားသွားလာ နေသော ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော သတ္တဝါများထဲမှ စားချင်သည့် သားကောင်တစ်မျိုးမျိုးကို ရွေးချယ်၍ရသောအခါ ရတနာရွှေဂူဝသို့ သွားရောက်အရိုအသေ ပြုပြီးလျှင် ...

"အရှင်ခြင်္သေ့မင်း ... အစွမ်းပြလိုက်ပါဘိဦး"

ထိုသို့ ဖေ ် စကား ပြောကြားလိုက်သည်နှင့် တစ်ပြိုင် နက် ခြသေ့်မင်း ည် ရွှေဂူမှထွက်ကာ အရပ်လေးမျက်နှာသို့

ကြည့်ရှုပြီး သုံးကြိမ်တိုင်တိုင် ဟောက်သံပေးပြီးမှ တောင်ခြေသို့ တစ်ဟုန်ထိုး ဆင်းသွားလေ၏။

ထိုအခါ ဇမ္ဗုကမြေခွေးသည် ရတနာရွှေဂူအတွင်းသို့ ဝင်ရောက်ကာ ခြင်္သေ့မင်း အိပ်စက်သောနေရာထက်သို့ တက်၍ အိပ်စက်သည်။

သူတစ်မှေးလောက် အိပ်စက်၍ တရေးနိုးလာမည့် အချိန်နှင့် ခြင်္သေ့မင်းက သူ့အတွက် အသားတုံးချီလာမည့် အချိန်မှာ အံကိုက်ဖြစ်၏။ ဇမ္ဗုက ဤသို့ ဇိမ်ကျကျအိပ်စက် စားလိုရာ စားနေနိုင်ခြင်းမှာ စိုင်ကော်၍ ချုံပေါ်ရောက်သည်ဟု ဆိုရပါမည်။

တစ်နေ့တွင် ဇမ္ဗုကသည် သူ့စွမ်းအားဖြင့် စားသောက်နိုင်လောက်သော သတ္တဝါငယ်ကလေးများ တွေ့လိုတွေ့ငြား လှည့်လည်ရှာဖွေရာ သူစား၍ မရနိုင်သော အကောင်ကြီးနှင့် မထင်မှတ်ဘဲ တွေ့လိုက်ရသည်။

ထိုနေ့က ခြင်္သေ့မင်းသည် တောကျွဲကြီးတစ်ကောင်ကို ကိုက်သတ်၍ အဆီပေါသည့်နေရာများကို ကိုက်ဖြတ်စားသောက်ပြီးလျှင် ရေအိုင်တစ်ခုသို့ ဆင်း၍ ရေသောက်၏။

ထိုမှ တရေးအိပ်စက်ရန် ရတနာရွှေဂူသို့ ပြန်လာရာတွင် ဇမ္ဗုကမြေခွေးနှင့် ရင်ဆိုင်တိုးမိ၏။

ခြသေ့်မင်းနှင့် ပက်ပင်းဆုံမိသည်ဆိုလျှင်ပင် ဇမ္ဗုကမြေခွေးမှာ ပြေးနိုင်စွမ်းအား မရှိတော့။ အလွန်အမင်း ကြောက်ရွံ့တုန်လှုပ် နေသဖြင့် ခြသေ့်မင်း၏ ရှေ့မှောက်တွင် ရှေ့လက်နှစ်ဖက်ဖြင့် လက်အုပ်ချီကာ ပြားပြားဝပ်၍ နေရတော့၏။

ခြသေ့်မင်းသည် မပြေးနိုင်ရှာ၍ ခယဝပ်တွားနေသော မြေခွေးကို မည်သို့မျှ ရန်မမူပါ။ မိမိအား လေးလေးစားစား ဝပ်တွားခယနေသည်ကို နှစ်သက် အားရလှသဖြင့် ...

"အမောင်မြေခွေး ... ဘာကို အလိုရှိပါဘိသနည်း"

ဟုပင် အကျွမ်းတဝင် မေးလိုက်၏။

အကင်းပါးသော မြေခွေးက ...

"အရှင်ခြသေ့်မင်း ... အရှင့်ခြေရင်းမှာနေပြီး ပြုစုလုပ်ကျွေး ပါရစေ"

"ကောင်းပေပြီ ... ဒီလိုဆို ငါ့ရဲတနာရွှေဂူကို လိုက်ခဲ့ ဘိလော့"

ထိုနေ့မှစ၍ ဇမ္ဗုကသည် ဂုံရတနာရွှေဂူသို့ ရောက်လာခဲ့သည်။ လိုက်လာစဉ်က အရှင်ခြသေ့်မင်းအား ပြုစုလုပ်ကျွေးရန်ဟု အကြောင်းပြခဲ့သော်လည်း လက်တွေ့မှာမူ ခြသေ့်မင်းအတွက်ကို ခြသေ့်မင်းကိုယ်တိုင် အစားအစာ ရှာဖွေသယ်ဆောင်၍ ကျွေးမွေး

လာခဲ့ရ၏။

ခြသေ့်မင်း၏ ကျေးဇူးကြောင့် ဇမ္ဗူကမြေခွေးသည် အသား ပေါင်းစုံ စားခဲ့ရပေ၏။ ရတနာရွှေဂူ၌ ချမ်းသာစွာ နေထိုင်လျက် နှစ်သက်ရာ အသားများကို စားချင်တိုင်း စားနေရသဖြင့် ဇမ္ဗူက မြေခွေးမှာ ပြည့်ဖြိုးသည်နှင့်အမျှ မာန်မာနတို့လည်း တိုးပွား၍လာ၏။

ခြသေ့်မင်းက နိုင်းစေချက်ဖြင့် သားကောင်တစ်မျိုးမျိုးကို စားချင်သောအခါ ဂူဝမှ အရိုအသေပြုလျက်

"အရှင်ခြသေ့်မင်း အစွမ်းပြပါဘိဦး"

ဟု အားပေးစကား ပြောကြားခဲ့ရသည်။

ထိုသို့ ပြောကြားသောစကား၏ စွမ်းအားသတ္တိကြောင့် သာလျှင် ခြသေ့်မင်းသည် လိုချင်ရာသားကောင်ကို ဖမ်းဆီးသတ်ဖြတ် နိုင်ခြင်း ဖြစ်ပေလိမ့်မည်ဟု တွေးတောမိလာ၏။

သို့နှင့် တစ်နေ့တွင် ဇမ္ဗူကမြေခွေးက ...

"အရှင်ခြသေ့်မင်း၊ အရှင့်မှာ ခြေလက်လေးချောင်းရှိသလို ကျွန်တော်မျိုးမှာလည်း ရှိနေပါဘိ။ ဒါကြောင့် ဒီတစ်ခါတော့ ကျွန်တော် မျိုးကိုယ်တိုင် ဆင်ကြီးတစ်ကောင် ဖမ်းသတ်ပြီး အရှင့်အား ကျွေးပါ ရစေ။ ဂူဝကနေပြီး ကျွန်တော်မျိုးပြောလာခဲ့ရသလို အရှင်ခြသေ့် မင်းကလည်း 'အရှင်မြေခွေးမင်း အစွမ်းပြလိုက်ပါဘိဦး' လို့ အားပေး

မိတ်ဆွေစာပေ

စကား ပြောကြားပေးပါအရှင်"

တိုသို့ မတန်မရာ တောင်းဆိုလိုက်ရာ ခြသေ့်မင်းက ...

"အယောင်ဆောင်မြေခွေး ... ဆင်ကို သတ်ပြီး စားနိုင်တာ တို့ ခြသေ့်မျိုးတစ်မျိုးသာ ရှိဘိ၏။ မင်းတို့ မြေခွေးမျိုးအနေနဲ့ ဆင်ကို သတ်စားသည်ကို ငါ ... ဘယ်အခါကမှ မကြားခဲ့ဖူးပါဘိ။ ဒီတော့ ငါ ရှာကျွေးသည်ကို အေးအေးစားနေပါဘိလော"

"အရှင်ခြသေ့်မင်း ရှာကျွေးသမျှကို စားလာရသည်မှာ ကြာ တော့လည်း ကျွန်တော်မျိုးကိုယ်တိုင် ရှာကျွေးချင်လို့ပါ။ အရှင် ခြသေ့်မင်းကသာ ကျွန်တော်မျိုးကို 'အရှင့်မြေခွေးမင်း အစွမ်းပြလိုက် ပါဘိဦး' လို့ အားပေးလိုက်ပါဘိအရှင်"

"အေး ... မင့်ဆန္ဒ၊ မင်းသဘောပဲ။ ဒါပေမဲ့ ကိုယ့်ခြသေ့် မျိုးနွယ်ရဲ့ ဂုဏ်သိက္ခာကို ထိန်းရဦးမှာမို့ မင်းလိုကောင်ကို အရှင် မြေခွေးမင်းလို့တော့ မခေါ်နိုင်ဘူးကွ"

ထိုသို့ ပြောဆိုပြီးနောက် ခြသေ့်မင်းသည် တောင်ခြေတစ် နေရာတွင် မှန်ယစ်သော ဆင်ပြောင်ကြီးတစ်ကောင် ကျက်စား နေသည်ကို မြင်လိုက်ရ၍ ...

"ကဲ ... လုပ်ငန်းစကြစို့၊ အယောင်မြေခွေး အစွမ်းပြလိုက် စမ်းကွာ"

ခြသေ့်မင်းက အားပေးစကားပြောကြားလိုက်လျှင်ပင် ဇမ္ဗုက မြေခွေးသည် ရွှေဂူဝမှ ထွက်ကာ အရပ်လေးမျက်နှာကို ကြည့်၍ သုံးကြိမ်တိုင်တိုင် ဟောင်လိုက်သည်။

ထို့နောက် ခြသေ့်မင်း ပြေးဆင်းသွားသကဲ့သို့ တောင်ပေါ်မှ ပြေးဆင်း၍ ဆင်ပြောင်ကြီး၏ ဦးကင်းဆီသို့ လှမ်းခုန်လိုက်ရာ ဦးကင်းထက်သို့ မရောက်ဘဲ ဆင်ပြောင်ကြီး၏ ရှေ့သို့ ဗုတ်ကနဲ ကျလေ၏။ မုန်ယစ်နေသော ဆင်ပြောင်ကြီးသည် မိမိအား မခန့် လေးစား စော်ကားလာသော မြေခွေး၏ခေါင်းကို တက်နင်းလိုက်သည်။ တစ်ကိုယ်လုံးကိုလည်း ပျော့ခွေကြေညက်သွားအောင် နင်းခြေ ပြီး ကရွတ်ခွေသဖွယ် ပြုလုပ်ကာ ထိုအပေါ်မှာ မစင်စွန့်ချ လိုက် သည်။

ထို့နောက် ကြိုးကြာသံကဲ့သို့ မြည်ကြွေးကာ တောနက် ရာသို့ ဝင်သွားတော့၏။ ခြသေ့်မင်းသည် မတန်မရာ မာန်မာနထောင် လွှားမိ၍ တစ်ကိုယ်လုံး ပြားချပ်သွားရသော မြေခွေးကို လှမ်း၍ ကြည့်နေလေသည်။

(ဝိရောစဇာတ်၊ ဧကနိပါတ်)

# မာနရှင်ဝိနီလက

ဝိဒေဟာတိုင်း မိထိလာမြို့တော်အနီးရှိ ထန်းပင်တစ်ပင်ထက်၌ ကျီးမတစ်ကောင်သည် မိမိ၏သားငယ်ကို အစာခွန့်ကျွေးလျက် ရှိသည်။ သူ၏ဖခင်ဖြစ်သော ရွှေဟင်္သာမင်းကလည်း သားငယ်၏ မပီကလာပြောဆိုသံကို နားထောင်ရင်း ကျေနပ်နေမိ၏။

ရွှေဟင်္သာမင်းနှင့် ကျီးမတို့ အကြောင်းဆက် ပေါင်းဖက်မိရာမှ ပေါက်ဖွားလာသော သားငယ်မှာ ဖခင်ကဲ့သို့ ရွှေဝါရောင်သန့်သန့်လည်း ဖြစ်မလာ၊ မိခင်ကဲ့သို့လည်း လုံးဝမည်းနက်၍လည်း မနေချေ။ အဝါအနက် ရောယှက်ကာ ကြောင်ကြောင်ကြားကြား ဖြစ်နေသည်။ ထို့ကြောင့် ထိုသားလေးကို ဝိနီလကဟူ၍ အမည်

ပေးရ၏။

ရွှေဟင်္သာမင်းမှာ ခရီးသွားရင်း ကျီးမနှင့် အကြောင်းဆုံကာ အသိုက်အမြုတစ်ခု လုပ်ထားရသော်လည်း ဤအသိုက်မှာချည်း မနေနိုင်ပါ။

ဟင်္သာငှက်တို့သဘောမှာ ကျီးများကဲ့သို့ လူနှင့်နီးရာတွင် မနေဝံ့ပါ။ လူတို့စားသောက်သော အစာများကိုလည်း နိုက်ယူစားသောက်ရန် မလိုလားပါ။ လူသူမနီးသည့် တောကြီးထဲမှာသာ သဘာဝအစားအစာများ စားသောက်၍ နေထိုင်လေ့ရှိ၏။

ထိုတောကြီးထဲမှာလည်း ရွှေဟင်္သာမနှင့် ရရှိထားသော ရွှေဟင်္သာလေးများ ရှိနေသည်။

ဤသို့ဖြင့် ရွှေဟင်္သာမင်းသည် အသိုက်အမြုနှစ်ခုဆီသို့ သွားချည်ပြန်လှည့် ပြုနေရလေရာ သားဖြစ်သူ ရွှေဟင်္သာငယ်က–

"ဖခင် ... လူတို့ရပ်ရွာဆိုတာ ရွှေဟင်္သာတို့အတွက် လွန်စွာရန်များပါဘိသည်။ ဖခင်ကိုယ်တိုင် ခဏခဏ သွားနေရမယ့်အစား ကျွန်တော်တို့ ညီအစ်ကိုတွေသွားပြီး ဇနီးလကို ခေါ်ခဲ့ရရင် မကောင်းဘူးလားဖခင်"

ဤသို့ အကြံပေးစကား ပြောကြားရာ ဖခင်ဖြစ်သူ ရွှေဟင်္သာမင်းလည်း သဘောတူလက်ခံလိုက်၏။

သို့နှင့်ပင် ရွှေဟသ်ာညီနောင်တို့သည် ဖခင်ဖြစ်သူ မှာကြားသော လမ်းကြောင်းအတိုင်း ပျံသန်းလာကြရာ ဝိနီလကတို့ရှိရာ ထန်းပင်သိုက်သို့ ရောက်လာကြသည်။

ဖခင်ရွှေဟသ်ာမင်း မှာကြားလိုက်သောစကားကို ပြောကြားကြသည်။ ဝိနီလကလည်း ဖခင်ခေါ်ရာသို့ လိုက်ပါရန် သဘောတူ၏။

ထိုအခါ ရွှေဟသ်ာညီနောင်တို့သည် တုတ်ချောင်းတစ်ခုကို ရှာဖွေကာ ထိုတုတ်ချောင်းပေါ်မှာ အတောင်အလက် မစုံသေးသော ဝိနီလကကို တက်စီးစေသည်။ ထို့နောက်မှ ရွှေဟသ်ာညီနောင်တို့က တုတ်ချောင်းတစ်ဖက်တစ်ချက်မှ နှုတ်သီးဖြင့် ကိုက်ချီကာ မိထိလာမြို့တော်ပေါ်မှ ဖြတ်ကျော်ပျံသန်း၍ လာကြ၏။

ထိုအချိန်မှာပင် ဝိဒေဟရာဇ်မင်းသည် သိန္ဓောမြင်းလေးကောင်ကသောရထားကြီးစီးကာ ကြီးကျယ်ခမ်းနားလှသော အစီအစဉ်ဖြင့် မြို့လှည့် အပူဇော်ခံနေတော်မူသည်။ ဝိနီလကသည် တုတ်ချောင်းပေါ်မှ လိုက်ပါလာရင်း ဝိဒေဟရာဇ်မင်းကြီး၏ စည်းစိမ်နှင့် မိမိအခြေအနေကို နှိုင်းယှဉ်ပြီးလျှင် စိတ်ကြီးဝင်လာသည်။ မိမိကိုယ်ကို ဝိဒေဟရာဇ်မင်းကြီးနှင့် ထပ်တူထပ်မျှ သဘောထားလာသည်။

"ဝိဒေဟရာဇ်မင်းကြီးရဲ့ ရထားကို အာဇာနည်သန္ဓောမြင်း

လေးကောင်တို့က ဆွဲဆောင်ကြသလို ဝိနီလကအမည်ရတဲ့ ဒီကိုယ်တော်အရှင်မြတ်လည်း ရွှေဟသ်ာညီနောင်တို့က ဆွဲဆောင်လို့ နေကြပါဘိ”

ဤသို့ မတန်မရာ နိုင်းယှဉ်ကာ ဝင့်ဝင့်ကြွားကြွား ပြောကြားလိုက်သည်နှင့်တစ်ပြိုင်နက် ရွှေဟသ်ာညီနောင်တို့သည် ဝိနီလကကို လွှတ်ချလိုက်မည်ဟု ကြံမိကြသေးသည်။

သို့သော် ဤသို့ပြုပါက ဖခင်ကြီးအား မလေးစားရာ ရောက်မည်စိုးသဖြင့် အောင့်သက်သက်ဖြင့် သယ်ဆောင်ကာ ဖခင်ရွှေဟသ်ာမင်းရှေ့သို့ အရောက်ပို့ဆောင်ကြသည်။ ဝိနီလက၏ စော်ကားမှုကိုလည်း ပြောပြကြလေသည်။ ထိုအခါ ဖခင်ရွှေဟသ်ာမင်းသည် မြင်းထန်စွာ အမျက်ထွက်၍-

“ဖိုက်သား ဝိနီလက၊ ဒီရွှေဟသ်ာညီနောင်တို့ သယ်ဆောင်ပေးကြလို့သာ သင်တို့အမိမျိုးတွေ ရောက်ဖို့ခဲယဉ်းတဲ့ ဒီနေရာကို သင်ရောက်လို့လာဘိ၏။ သင်ဟာ ကိုယ့်အရာမဟုတ်ဘဲနဲ့ လွန်လွန်ကဲကဲ ဝင့်ဝါဘိ၏။ ဒီတော့ သင့်ဖိခင် ကျီးမရဲ့နေရာသို့သာ ပြန်သွားဘိလော၊ သုသာန်မှာ စွန့်ပစ်ထားတဲ့ အသေကောင်ပုပ်များကိုသာ သွားပြီးစားနေဘိလော့”

ဤသို့ ကြိမ်းမောင်းပြောဆိုပြီးနောက် ရွှေဟသ်ာညီနောင်

တို့အား ပြန်ပို့ရန် တာဝန်ပေးလိုက်၏။

ရွှေဟင်္သာညီနောင်တို့လည်း အရာမတုတ်ပါဘဲလျက် မာန်မာန တက်ခဲ့မိသော ဝိနီလကကို သုသာန်မြေသို့ ပို့ဆောင်ပေးလိုက် လေသတည်း။

*(ဝိနီလကဇာတ်၊ ဒုကနိပါတ်)*

# မဟာဆန်လွန်းသူ

သုဇာတာသည် ရုပ်ဆင်းအင်္ဂါ လှပချောမောသည်။ သူ့အသံမှာ ချိုအေးကြည်လင်သည်။ အသက်အရွယ် ပျိုမြစ်နုနယ်သည်။ ဤသည်ပင်လျှင် သုဇာတာ၏ အရည်အချင်းများပင်ဖြစ်၏။

ဆင်းရဲသော သာမန်ဈေးသည်ကလေးတစ်ယောက်သာ ဖြစ်သော သုဇာတာသည် တစ်နေ့တွင် ရွှေနန်းတော်အနီးတွင် ဟစ်အော်၍ ရောင်းချနေသည်ကို ဗြဟ္မဒတ်မင်းကြီး လေသာပြတင်းမှ နေ၍ နန်းရင်ပြင်ဆီ လှမ်းကြည့်အခိုက် သုဇာတာကို သတိပြုမိတော်မူ၏။ သုဇာတာ၏ သာယာချိုအေးသောအသံကို နာခံမိရာမှ တစ်ဆင့် သူ့ရုပ်သွင်ကို လှမ်း၍ အကဲခတ်လိုက်ရာ သူ့အလုပ်နှင့် မထိုက်တန်ဟု ဆိုရလောက်အောင် လှပချောမောနေသည်ကို တွေ့

တော်မူသည်။ မိန်းကလေးတို့၏ တစ်သက်တာတွင် အလှသွေး အကြွယ်ဆုံး အတက်ကြွဆုံးအချိန်ဖြစ်၍လည်း သူ့အလှမှာ အစွမ်းကုန် ပေါ်လွင်ထင်ရှားလျှက်နေ၏။

သို့နှင့် မြဟ္မဒတ်မင်းကြီးသည် သုဇာတာတွင် အိပ်ထောင်ရှိမရှိ စုံစမ်းစေတော်မူသည်။ အပျိုစင် ဈေးသည်မကလေးဖြစ်ကြောင်း သိတော်မူသောအခါ ကြီးကျယ်ခမ်းနားလှသော အစီအစဉ်ဖြင့် နန်းတော်သို့ ခေါ်ယူကာ မိဖုရားခေါင်ကြီးအရာထား၍ မြှောက်စားတော်မူ၏။

မိဖုရားခေါင်ကြီးအရာ ရလာသည်မှစ၍ သုဇာတာသည် မိဘရပ်ဌာနသို့ လုံးဝမရောက်တော့ပေ။ မရောက်ရခြင်းအကြောင်းမှာလည်း မြဟ္မမင်းကြီးကိုယ်တိုင်က ခွဲခွာ၍ မထားနိုင်လောက်အောင် ချစ်မြတ်နိုးလှသောကြောင့်လည်း ဖြစ်ပါသည်။ သုဇာတာကိုယ်တိုင်ကလည်း ဇာတိရပ်ရွာနှင့် အဆက်အဆံ မလုပ်လိုသောအကြောင်းလည်းပါသည်။ မွေးမိဘနှစ်ပါးကိုပင် ဇာတိရပ်ရွာ၌သာ နေထိုင်စေပြီး သင့်လျော်ရုံမျှသာ ထောက်ပံ့ပေးကမ်းထား၏။

မိဖုရားခေါင်ကြီးအရာ ရထားသော သုဇာတာမှာ အခြားမိဖုရားများနှင့် နှိုင်းယှဉ်လိုက်သောအခါ သူ့တွင် အားနည်းချက်ရှိနေ၏။ ထိုအားနည်းချက်ကား သူတကာမိဖုရားများလို မင်းမျိုး

မင်းနွယ်မဟုတ်ဘဲ သာမန်သူဆင်းရဲမျိုးပင် ဖြစ်ပါ၏။

ထို့ကြောင့် မိဖုရားခေါင်ကြီး သုဇာတာသည် ထိုအားနည်းချက်ကို မိမိ၏အခွင့်အာဏာဖြင့် အတတ်နိုင်ဆုံး ဖုံးဖိထားလေသည်။ ရွှေလင်ပန်းနှင့် အချင်းဆေး၍ မင်းမွေးသော သမီးပျိုတစ်ယောက်ကဲ့သို့ ထည်ဝါနိုင်သမျှ ထည်ဝါအောင် ကြံဆောင်၍ နေထိုင်သည်။ ဝတ်စားဆင်ယင် အလှပြင်ရာတွင်လည်း သူဆင်းရဲမ အငွေ့အသက်များ လုံးဝပါမလာအောင် အထူးဂရုစိုက်သည်။ အတတ်နိုင်ဆုံး မဟာဆန်နိုင်စေရန် ကြိုးစားအားထုတ်ရသည်။ တစ်ခါတစ်ရံ ဆင်းရဲသူတို့ ဘာသာဘာဝ ပွင့်လင်းလွတ်လပ်စွာ ပြောဆိုခဲ့သော စကားအသုံးအနှုန်းများ ပါမသွားစေရန် အထူးသတိထား၍ ရှောင်ရှားသည်။

ထိုသို့ နေထိုင်လာခဲ့၍လည်း တစ်နန်းတော်လုံးက မိမိအပေါ် လေးလေးစားစား ဝပ်တွားခယ၍ နေခြင်းဖြစ်၏။ ဇာတိရပ်ဌာနမှ သားချင်းဆွေမျိုးများ ရောက်လာပါက မိမိ၏မျိုးရိုးဇာတိကို ပြန်လည်လှန်လှော၍ ပြလိုက်သကဲ့သို့ဖြစ်မည်။ ထို့ကြောင့် ဇာတိရပ်ရွာရှိ ဆွေမျိုးများနှင့် အဆက်အသွယ် မပြုလုပ်ခြင်းဖြစ်၏။

"ငါက ဖြူဟွဒတ်မင်းကြီးရဲ့ မိဖုရားခေါင်ကြီး ဖြစ်နေဘိ၏" ဟူသော မာန်မာနဖြင့် ဇာတိရပ်ရွာမှ မိဘဆွေမျိုး အပေါင်းအသင်း

မိတ်သင်္ဂဟတို့နှင့် လုံးဝအဆက်ဖြတ်ထားခဲ့သော သုဇာတာသည် တစ်နေ့တွင် သူ့အလိုအလျောက်ပင် ဇာတိရပ်ရွာနှင့် ပြန်၍ ဆက်သွယ်မိ၏။

တစ်နေ့တွင် ဗြဟ္မဒတ်မင်းကြီးသည် ဥယျာဉ်မှူး ဆက်သလာသော ဆီးသီးမှည့်များကို ရွှေခွက်မှာထည့်၍ စားတော်မူနေသည်။ ထိုစဉ်ခိုက်မှာပင် သုဇာတာမိဖုရားခေါင်ကြီးသည် မင်းကြီးအနားသို့ ချဉ်းကပ်ကာ ...

"အရှင်မင်းကြီး ... ရွှေခွက်ထဲ ထည့်ထားတဲ့အသီးအမှည့်တွေက အနီရောင်အဆင်းလည်း ရှိကြပါသည်ဘုရား၊ ချောမွတ်သန့်ရှင်းသော အဲဒီအသီးတွေဟာ ဘာသီးများ ဖြစ်ပါသလဲဘုရား"

မဟာဆန်လှသော မင်းမျိုးမင်းနွယ် လေသံဟန်ပန်တို့ဖြင့် မေးမြန်းလျှောက်ထားသောအခါ ဗြဟ္မဒတ်မင်းကြီးသည် လွန်စွာ ဒေါသထွက်တော်မူသည်နှင့် ...

"ဟယ် ... မိဖုရား၊ သင်ဟာ သင်တို့ဇာတိရပ်ဌာနမှာ နေစဉ်ကပင် ဆံပင်ဖားလျားနဲ့ ညစ်နွမ်းတဲ့ အဝတ်အစားတွေ ဝတ်ပြီး ဆီးသီးဆွတ်ခဲ့ရတာကို သင် သတိမရတော့သလော။ ဒီဆီးသီးဟာ သင်ကိုယ်တိုင် အသံတစာစာ အော်ဟစ်ရောင်းခဲ့ရတဲ့ ဆီးသီးပင် မဟုတ်လော့။ သင်တို့တစ်မျိုးတစ်ဆွေလုံး အားကိုး

အားထားပြုရတဲ့ ဆီးသီးပင် မဟုတ်လော့ …၊

တယ် … မိန်းမယုတ်၊ သင်ဟာ ရွှေနန်းတော်ကြီးထဲ အေးအေးလူလူ နေရတာကိုတောင် ပူအောင်လုပ်ဘိ၏။ ရွှေနန်းတော်ကြီးမှာ မပျော်ပိုက်နိုင်တော့ဘူးထင်ဘိ၊ ဒီတော့ သင့်မှာရှိသမျှ စည်းစိမ်အဆောင်အယောင်အား ပြန်ရုပ်သိမ်းဘိ၏။ ဒီလောက်တောင် ကိုယ့်ဘဝကို မေ့တတ်တဲ့ သင်မိဖုရားဟာ ဒီတစ်သက်မေ့လို့မရအောင် သင့်တို့ရပ်ရွာပြန်ပြီး ဆီးသီးရောင်းစားနေချေဘိလော့"

ဒေါသအမျက်ထွက်၍ နှုတ်ထုတ်လိုက်ခါမှ သုဇာတာမှာ ငိုကြွေးရတော့၏။ တကယ့်အမှန်အနွံ့ရယ်ဆိုးနှင့် ကြုံလိုက်ရသည်တွင် မိမိ၏ရုပ်အဆင်းအင်္ဂါ လက္ခဏာပကုဏ်တို့က လုံးဝကာကွယ်၍ မပေးနိုင်တော့သဖြင့် ထိတ်လန့်တကြား ဖြစ်ရတော့၏။

ဤတွင် မင်းကြီးအပါးတွင် ခစားလျက်ရှိသော ပညာရှိအမတ်ကြီးက …

"အရှင်မင်းကြီး … မိန်းမဆိုတာ စည်းစိမ်ဟာန်ယစ်မူးတတ်ပါ၏။ ဒါကြောင့် ယစ်မူးရာက ဖြစ်လာရတဲ့ အပြစ်ကို တစ်ကြိမ်တစ်ခါအနေဖြင့် အရှင်မင်းကြီး သည်းခံတော်မူပါ၊ သုဇာတာကို ခွင့်လွှတ်တော်မူပါဘုရား"

ထိုသို့ တောင်းပန်စကား လျှောက်ထားသဖြင့် မြတ်ဗုဒ္ဓ မင်းကြီးက အမိန့်တော်ကို ပြန်၍ ရုပ်သိမ်းတော်မူလေသည်။

*(သုဇာတာဇာတ်၊ စတုက္ကနိပါတ်)*

# အယောင်ဆောင်သူရဲကောင်း

ဒါးကုန်းပုကွကွနှင့် ဘယ်လိုကြည့်၍မှ ရုပ်ဆင်းအင်္ဂါ မရှိလေသူ။

အခြားတစ်ယောက်က အရုပ်အမောင်းကောင်း၊ အားကောင်းမောင်းသန်ဟန်ပါင်အပြည့်။

သို့စေကာမူ ရုပ်ဆင်းအင်္ဂါကြည့်၍မှ အဆင်မပြေသော ပုကွဒါးကုန်းသူက တက္ကသိုလ်မြို့တော်က ပြန်လာသူ။ ယောက်ျားတို့ တတ်မြောက်သင့်သော တစ်ဆယ့်ရှစ်ရပ်သော အတတ်များ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သူ ဖြစ်ပါ၏။

အရုပ်ထောင်ထောင်မောင်းမောင်းလူက စစ်မှုရေးရာနှင့်ဆိုင်ရာ အတတ်ပညာ လုံးဝမရှိသဖြင့် ရက်ကန်းခတ်၍ စားနေရသူ၊ သူများ

နှင့်ယှဉ်ပြိုင် ရင်ဆိုင်တိုက်ခိုက်ရမည့်အရေးမှန်သမျှ ကြောက်ရွံ့တုန်လှုပ်ခြင်း ဘိမသေနအမည်ရနေသူ။

ဒါးကုန်းပုကွသူမှာ မိမိ၏ရုပ်ဆင်းအင်္ဂါချို့တဲ့မှုကြောင့် မင်းကောရာဇ်တို့၏ ယုံကြည်ကိုးစားမှုကို ရရှိရန် မလွယ်လေရကား ဘိမသေနကို အပါခေါ်၍ ဗာရာဏသီမြို့တော်သို့လာကာ ဗြဟ္မဒတ်မင်းကြီးထံ ဝင်ရောက်ခစားသည်။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက အားကောင်းမောင်းသန်ယောကျ်ားကောင်းပီသသော ဘိမသေနအား ...

"အမောင်ယောကျ်ား ... ဘယ်မည်သောပညာရပ်များကို တတ်မြောက်ထားဘိသနည်း" ဟု မေးမြန်းတော်မူ၏။

"မှန်လှပါ ... ကျွန်တော်မျိုးတာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ပြိုင်ဘက်ကင်းတဲ့ လေးသမားဖြစ်ပါဘိ အရှင်မင်းမြတ်"

"ကောင်းပေပြီ၊ သင့်လစာရိက္ခာ အဘယ်မျှရမှ ငါ့အမှုတော်ကို ထမ်းဆောင်မည်နည်း"

"အရှင်မင်းကြီး ... တစ်လမှာနှစ်ကြိမ် အသပြာတစ်ထောင် ရရင် အမှုတော်ထမ်းနိုင်ပါဘိဘုရား"

"ကောင်းဘိ ... သင်နဲ့အတူပါလာတဲ့ လူကလေးက သင်နဲ့ မည်သို့ပတ်သက်ဘိသနည်း"

"ဘုရား ကျွန်တော်မျိုးရဲ့ လက်ပါးစေလုလင်ကလေး ဖြစ်ပါ တိဘုရား"

"သင် ... ညီလာခံဝင်တဲ့အခါ သူ့ကိုပါ ခေါ်လာနိုင်ပါတိ"

ထိုသို့ ခွင့်ပြုချက်ရခြင်းသည်ပင် ဘီမသေနအတွက် အဖိုး အတန်ဆုံးသော ဆုလာဘ်ကြီးဖြစ်၏။ ရုပ်လက္ခဏာ သန်မာထွား ကြိုင်းသည်မှအပ မည်သည့်တက်ကမျှ အစွမ်းအစမရှိသော ဘီမသေ နသည် လူပုကွ၏ အကူအညီဖြင့်သော မင်းမှုကိစ္စများကို ဆောင်ရွက် နေရလေသည်။

လူပုကွက တာဝန်ကျလာသော အမှုကိစ္စများကို ပြီးစီးပြည့်စုံ အောင် ဆောင်ရွက်သည်နှင့်အမျှ ဘီမသေနဟာလည်း နေတတ် ပြောတတ်သည်။

ထို့ကြောင့် သူတို့နှစ်ယောက်၏ စပ်တူ မင်းမှုထမ်းသည့် ကိစ္စမှာ အဆင်ပြေ၍နေ၏။

ဘီမသေနအမည်ဖြင့် ရရှိသော လစာရိက္ခာကို နှစ်ယောက် အတူ ကြည်ဖြူစွာ စားသုံး၍ လာခဲ့ကြရာ တစ်နေ့တွင်ကား အယောင်ဆောင်စစ်သူကြီး ဘီမသေနအတွက် အခက်ကြုံရတော့ သည်။

ကာသိတိုင်းအတွင်းရှိ အချက်အချာကျသော တောလမ်း

တစ်နေရာတွင် ကျားဆိုးကြီးတစ်ကောင် သောင်းကျန်းနေသည်။ ထိုလမ်းမှလာသော ခရီးသွားများကို ကျားဆိုးကြီးက မလွှတ်တမ်း လိုက်သတ်၍ စားနေလေရာ ထိုလမ်းမှာ လုံးဝအဆက်အသွယ် ပြတ်တောက်သွားတော့သည်။

တိုင်းသူပြည်သားတို့သည် မင်းကြီးရှေ့နားတော် ကြားအောင် လျှောက်တင်လေရာ ဗြဟ္မဒတ်မင်းကြီးက သူ့ရဲကောင်းဘီမသေနအား ကျားဆိုးကြီးရန်ကို နှိမ်နင်းရန် တာဝန်ပေးတော်မူ၏။

မင်းကြီးရှေ့တော်၌ တာဝန်ယူလာခဲ့သော ဘီမသေနသည် အိမ်ပြန်ရောက်သည်နှင့် မျက်နှာငယ်လေးနှင့် ဖြစ်နေရသည်။ တာဝန်ကို ယူခဲ့ရသည်မှာ လွယ်ကူသလောက် လက်တွေ့အကောင်အထည်ဖော်ရေးက ခက်ခဲလှဘိသည်။ အောင်မြင်နိုင်ရေးထက် အသက်ဘေးက ပိုများနေသည်။

ထို့ကြောင့် စိတ်မချမ်းမြေ့စွာ ယူဆောင်လာခဲ့ရသော အခက်အခဲကြီးကို လူပုကွထံ တင်ပြလိုက်၏။

"မခက်ပါဘူး၊ မင်းဘက်က ဟန်ကောင်းဖို့ပဲ လိုပါတယ်။ မင်းတစ်ယောက်တည်းနဲ့ လုပ်နိုင်ပါဘိ"

လူပုကွက အချက်ကောင်းကို သိမြင်နေ၍ လွယ်လွယ် ပြောလိုက်သည်။ ဘီမသေနမှာ သူ့လောက် မမြင်နိုင်သေးသဖြင့်

ထိတ်လန့်တကြား ဖြစ်သွား၏။

"ဘာ ... ငါတစ်ယောက်တည်း သွားရမှာလား၊ ခါတိုင်းလည်း မင်းနဲ့ငါ အတူတူဆောင်ရွက်လာရတာ မဟုတ်လား"

"အရင်က ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေနဲ့ မတူဘူးလေ၊ ဒီတော့ တစ်မျိုးစီ ဆောင်ရွက်ရတာပေါ့။ ငါမပါပေမဲ့ ကျားဖမ်းဖို့ အစီအစဉ်တွေကို ငါ အားလုံးပြောပြလိုက်မှာပါ"

လူပုကွသည် ဘီမသေနအား ကျားဆိုးရန် နှိမ်နင်းရာတွင် ကျင့်သုံးရမည့် နည်းပရိယာယ်များကို သင်ကြား၍ ပေးလိုက်၏။

ဘီမသေနသည် ချမှတ်ထားသော အမိန့်အရ ကျားဆိုးကြီး သောင်းကျန်းနေသော နယ်သို့ သွားရောက်သည်။ ရောက်သော အခါ တစ်နယ်လုံးမှာ ရှိရှိသမျှ လေးသမားများကို ဆင့်ခေါ်လိုက်ရာ လေးသမားပေါင်းတစ်ထောင်ကျော် စုဝေးရောက်လာကြသည်။ ဘီမသေနသည် လေးသမားတို့၏အလယ်မှ တပ်မှူးကြီးသဖွယ် အမိန့်ပေးလျက် ကျားဆိုးကြီးကျက်စားရာ တောအုပ်သို့ ချီတက်လာ၏။

လူအုပ်ကြီး ချဉ်းကပ်လာသည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျားဆိုးကြီးသည် တစ်ဟုန်ထိုး ထ၍ လိုက်တော့သည်။ လူအင်အားနှင့် လာခဲ့ကြသဖြင့် ယခင်လို ကြောက်လန့်ခြင်း

မရှိဘဲ ကျားဆိုးကြီး၏မာန်ဖီသံကို နာခံရင်း မြားတစ်စင်းပြီးတစ်စင်း ပစ်ခတ်လိုက်ကြရာ ကျားဆိုးကြီးမှာ သေလေတော့၏။

ထိုအခါ ချုံကောင်းကောင်းတွင် ပုန်းနေခဲ့သော ဘီမသေန သည် နွယ်တစ်ပင် ဖြတ်ယူကာ ကျားသေကြီးရှိရာသို့ အပြေး အလွှား ရောက်လာ၏။

"ဟော့ ... ဘယ်သူက ဒီကျားဆိုးကို အသေသတ်လိုက် တာလဲ၊ မင်းကြီးကိုယ်တိုင်က အရှင်ဖမ်းပြီး ရှေ့တော်အရောက် ဆက်ရမယ်ဆိုလို့ နွယ်ကြိုးရှာနေတုန်း မင်းတို့က မဆင်မခြင် သတ်လိုက်ဘီ။ ဒီသတင်း မင်းကြီး ရွှေနားတော်ကို လျှောက်တင် ရတော့မှာပဲ၊ ကဲ ... ပြောကြပါဘိ"

မာန်အပြည့်ဖြင့် ခြိမ်းခြောက်စကား ပြောလိုက်ရာ လေးသမား အားလုံး ထိတ်လန့်သွားကြ၏။ မင်းကြီးထံ လျှောက်တင်လိုက်ပါက ရာဇဝတ်သင့်ကြရပေတော့မည် ထင်မှတ်ကာ လက်ဆောင်ပဏ္ဏာများ စုဆောင်း၍ ဘီမသေနအား လိုက်ပေးပြေးပေးရတော့၏။

ကျားဆိုးကြီးရန်ကို ချေဖျက်ပြီးသည့်အကြောင်း မင်းကြီးထံ လျှောက်တင်သောအခါတွင်လည်း ဆုလာဘ်များစွာ ရရှိပြန်၏။

မကြာမီ ကျွဲဆိုးကြီး ထကြွသောင်းကျန်းလာရာတွင်လည်း ထိုနည်းအတိုင်း အောင်ပွဲရပြန်၏။ ဗြဟ္မဒတ်မင်းကြီး၏ မြှောက်စားမှု

များလည်း တိုးတက်များပြားလာ၏။

မြတ်ဗုဒ္ဓတပ်မင်းကြီး၏ မြှောက်စားခြင်းခံရဖန်များလာသောအခါ ဘီမသေနသည် စည်းစိမ်မာန် ယစ်လာတော့သည်။ လူပုကွ၏ အကြံဉာဏ်ဖြင့် အောင်ပွဲရသည်ကိုပင် မိမိအစွမ်းကြောင့်ဟု ထင်မြင်လာကာ လူပုကွကို မထီမဲ့မြင် ပြုလာတော့သည်။

"ဟေ့ … ခါးကုန်း၊ မင်းက ငါ့ကို နေရာတိုင်းမှာ ဆရာ မလုပ်ပါနဲ့၊ မင်းအကူအညီမပါဘဲနဲ့လည်း ငါ့ဘာသာ အမှုထမ်းနိုင်ပါတယ်၊ ဒီလောကကြီးထဲမှာ မင်းတစ်ယောက်တည်း စွမ်းတယ်မထင်ပါနဲ့"

အခွင့်အာဏာစည်းစိမ်အားကိုးဖြင့် ဤသို့ ဝင့်ဝင့်ကြွားကြွား ပြောလေရာ လူပုကွမှာ အသာပင် နေလိုက်၏။ တစ်နေ့နေ့တွင် အခက်တွေ့လေခါမှ သူ့အဖြစ်မှန်ကို သူ့ဘာသာ ပြန်မြင်လာဘိမည် ဟု တွက်ဆထားလိုက်သည်။

ဤသို့ တွက်ဆထားသည့်အတိုင်း မကြာမီမှာပင် ရောက် လာတော့၏။ ပြည်နီးချင်း မင်းတစ်ပါးသည် စစ်သည်ရဲမက် အင်အား ကြီးမားစွာဖြင့် ကာသိတိုင်းအတွင်း ဝင်ရောက်ကာ ဗာရာဏသီ မြို့တော်ကို ဝိုင်းရံပြီးလျှင် …

"တိုင်းပြည်ကို အသာတကြည် အပ်မည်လော၊ စစ်ပြုမည်

လော"ဟု ရာဇသံပို့လိုက်၏။

ဖြဟ္မဒတ်မင်းကြီးလည်း ရာဇသံကြောင့် တုန်လှုပ်ခြင်း မရှိပါ။ လွန်စွာအားကိုးရသော သူရဲကောင်း ဘီမသေနကိုသာ အရေးကိစ္စကို အာဏာကုန် လွှဲအပ်လိုက်လေသည်။ ကိုယ့်ကိုယ်ကို သတ္တိနှင့်ပြည့်စုံနေပြီဟု ထင်မှတ်နေသော ဘီမသေနသည် စစ်ဝတ်တန်ဆာများ အကျအန ဝတ်ဆင်လျက် ရွှေနန်းထက်မှ ဆင်းလာသည်။ စစ်သည်ဗိုလ်ပါအပေါင်းကို ဦးဆောင်၍ မင်းစီးဆင်ပြောင်ကြီးစီးကာ မြို့တံခါးမှ ထွက်လာသည်။

ဘီမသေန၏ နောက်ပါးတွင်ကား သူ့ဆရာမဟုတ်တော့သော လူပုကွသည် ချပ်ဝတ်တန်ဆာများ ဝတ်၍ ပါလာသည်။

'နောက်တော်ပါ အဆောင်ကိုင်အဖြစ် လိုက်ပါရစေ'ဟု ခွင့်တောင်းပြီး ဆင်တော်နောက်ပိုင်းက လိုက်ပါခဲ့ရခြင်းဖြစ်သည်။ အရေးကြုံလျှင် အသင့်ရှိစေရန်ဟုဆိုကာ ကြိုးတစ်ခွေကိုလည်း ယူဆောင်လာခဲ့၏။

မြို့တော်တံခါးမှ ထွက်၍ စစ်သည်ရဲမက်များ ဆိုင်မိသည်နှင့်ပင် နှစ်ဘက်စလုံးမှ စစ်ထိုးရန် နှိုးဆော်သော စစ်သည်စစ်မောင်းသံများ ဟိန်းထွက်လာသည်။ နှစ်ဘက်သော ရဲမက်များ၏ ကြွေးကြော်သံတို့ကလည်း တစ်ခဲနက် ထွက်လာကြသည်။ စစ်

ဆင်ကြီးများ စစ်မြင်းကြီးများ၏ မြည်တည်းသံတို့ကလည်း သော သောညံလာကြ၏။

မြို့တော်မှ ထွက်လာစဉ်က မာန်ဝင့်လာခဲ့သော ဘီမသေန သည် စစ်မြေပြင်ဟစ်ကြွေးသံများကို ကြားလိုက်ရသည်နှင့် တစ် ပြိုင်နက် ကြောက်ဒူးတုန်လာတော့သည်။

တိုက်ပွဲဝင်နေကျ မင်းစီး ဆင်ပြောင်ကြီးကလည်း ရန်သူ ရဲမက်များထံ တစ်ဟုန်ထိုး ပြေးသွားနေရာ ဘီမသေနအား ဆင်ပေါ်မှ ကျမသေစေရန် လူပုကွက အသင့်ဆောင်လာသော ကြိုးဖြင့် လှမ်းပစ်၍ သိုင်းချည်ထားလိုက်ရသည်။ ကြိုးတန်းလန်းနှင့် ဆင် ပေါ်တွင် ကိုးရိုးကားရား လာခဲ့ရသော ဘီမသေနသည် အကြောက် လွန်ကာ ကြောက်ချေးများ ပါချမိတော့၏။

ထိုအခါမှ လူပုကွသည် ဘီမသေနအား နှစ်သိမ့်စကား ပြောကြားပြီး ဆင်တော်ပေါ်မှ ချပေးထားခဲ့ပြီးနောက် မိမိကိုယ်တိုင် ဦးစီး၍ တိုက်ပွဲဝင်တော့သည်။

ကိုယ်နေဟန်ထား မခံ့ညားသော်လည်း စစ်ရေးဗျူဟာ စွမ်းရည်ပြည့်ဝလှသဖြင့် တစ်ဖက်ရန်သူတပ်များကို အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်ရုံသာမက ရန်သူမင်းကိုပင် လက်ရဖမ်း၍ ဆက်သနိုင်ခဲ့၏။

ထိုအခါ လူပုကွသည် စူဠဓနုဂ္ဂဟပဏ္ဍိတဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားလာကာ ဘိမသေန၏နေရာကို ခံယူဆောင်ရွက်ရလေသတည်း။

*(ဘိမသေနဇာတ်၊ တေနိပါတ်)*

မိတ်ဆွေစာပေ

# သမ္မာဒိဋ္ဌိက မြေခွေး

ပထဝီဇယမည်သော မန္တန်သည် အလွန်အစွမ်းထက်သည်။ ထိုမန္တန်ကို အစအဆုံး နှုတ်တက်ရ၍ ဉာဏ်ကရိုဏ်းကျကျ ရွတ်ဖတ်သရဇ္ဈာယ်နိုင်သောသူသည် မြေပြင်ပေါ်၌ ရှိလာသမျှသော ရန်အပေါင်းကို တွန်းလှန်ခြေမှုန်းသည်။ ရှိရှိသမျှ သတ္တဝါအပေါင်းသည် ထိုမန္တန်ရှင်ထံ လာရောက် ခြံရံကြရပြီး မန္တန်ရှင် စေခိုင်းသည့်အတိုင်း မဆိုင်းမတွ လိုက်နာဆောင်ရွက်ကြရ၏။

ထိုသို့သော မန္တန်ကို အစမှအဆုံးထိ နှုတ်ငုံရရှိထားသူမှာ ဗာရာဏသီမြို့တော်မှ ပြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားတစ်ယောက်တည်းသာရှိသည်။ ပုရောဟိတ်ပုဏ္ဏားသည် မန္တန်၏အစွမ်းကို ကောင်းစွာ သိမြင်ထားသည်ဖြစ်၍ လူသူလေးပါး ကြားလောက်

သောနေရာတွင် ရွတ်ဖတ်ခြင်း မပြုပေ။

အကယ်၍ တစ်စုံတစ်ယောက်က ကြားနာမှတ်သား၍ ရွတ်ဖတ်နိုင်လာလျှင် ထိုသူသည်လည်း အစွမ်းသတ္တိထူး ရှိလာပေလိမ့်မည်။ အစွမ်းသတ္တိထူး ရှိလာသူသည် စိတ်စေတနာကောင်းထားတတ်သူ ဆိုပါက တော်သေးသည်။ စိတ်စေတနာ ယုတ်သူ၏နှုတ်ထဲသာ ရောက်သွားပါက အစွမ်းထက်လှသော မန္တန်ကို အလွဲသုံးစား ပြုလုပ်ကာ လောကကြီးတစ်ခုလုံးကို ဒုက္ခပေးတော့၏။

ပုရောဟိတ်ပုဏ္ဏားသည် ရရှိထားသော မန္တန်ကို မေ့လျော့ပျောက်ပျက်၍ မသွားစေရန် လူသူလေးပါး အသွားအလာ မရှိသော တောနက်ထဲသို့ သွားရောက်ကာ ကျောက်ဖျာကြီးတစ်ချပ်ပေါ်တက်ထိုင်ပြီး ပထဝီဇယမန္တန်ကို ဘှာန်ကရိုဏ်းကျကျ ရွတ်ဖတ်၏။

အစမှအဆုံးထိ တိတိကျကျ ရွတ်ဖတ်သရဇ္ဈာယ်နိုင်သဖြင့် ပုရောဟိတ်ပုဏ္ဏားသည် အားရဝမ်းသာစွာ ကျောက်ဖျာထက်မှ ပြန်ဆင်းလာသည်။

"အင်း ... တော်ပါသေးရဲ့၊ ဒီမန္တန်ကို ငါ နှုတ်တက်ရနေသေးလို့ တော်သေးတယ်"ဟုလည်း နှုတ်မှ ရေရွတ်လာမိ၏။

"အို ... ပုဏ္ဏား၊ ဒီမန္တန်ကို သင်နှုတ်တက်ရနေတာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ သင့်ထက် ငါက ပိုပြီးတော့ တိကျပြတ်သားစွာ

ရွှတ်ဖတ်တတ်ပါဘိ၏”

လုံးဝမျှော်လင့်မထားခဲ့သော စကားပြောသံ ထွက်ပေါ်လာ၏။

ပုရောဟိတ်ပုဏ္ဏားသည် လျို့ဝှက်စွာ ရွှတ်ဖတ်သရဇ္ဈာယ်ကာမှ ကြားနာမှတ်သားထားသူကို လှမ်းမြင်လိုက်ရသောအခါ ပါးစပ်အဟောင်းသား ဖြစ်ရတော့၏။

အလွန်တရာ အစွမ်းထက်လှသော ပထဝီဇယမန္တန်ကို ကြားနာမှတ်သားထားရှိသူကာ မြေခွေးတစ်ကောင် ဖြစ်သောကြောင့် ပါတည်း။

အဟိတ်တိရစ္ဆာန်မျိုးတွင် အပါအဝင်ဖြစ်သော်ငြားလည်း ထိုမြေခွေးသည် ရှေးဘဝတစ်ခုတွင်က ဗြဟ္မဏနွယ်ဖွားပုဏ္ဏားတစ်ယောက်ဖြစ်ကာ ပထဝီဇယမန္တန်ကို လေ့လာမှတ်သား၍ နှုတ်တက်အာဂုံဆောင်ထားဖူးသည်။

ထို့ကြောင့်ပင် တစ်ကြိမ်တစ်ခါ ကြားလိုက်ရုံမျှဖြင့် အစအဆုံး ရွှတ်ဖတ်နိုင်ခြင်းဖြစ်၏။

ကုန်းသတ္တဝါအပေါင်းတွင် အယုတ်ညံ့ဆုံးဖြစ်သော မြေခွေးက အစွမ်းထက်လှသော မန္တန်ကို နှုတ်တက်ရသွားသဖြင့် ပုရောဟိတ်ပုဏ္ဏားသည် မြေခွေးကို ဖမ်းယူသတ်ရန် လျင်မြန်စွာ လိုက်ဖမ်းလေသည်။

မြေခွေးကလည်း ကြိုတင်တွေးတောထားပြီးဖြစ်၍ ပုရောဟိတ်ပုဏ္ဏားခြေလှမ်းပြင်လိုက်သည်နှင့်တစ်ပြိုင်နက် တောနက်ထဲသို့ ပြေးဝင်လေတော့၏။

ထို့နောက် မြေခွေးသည် ရရှိထားသော မန္တန်ကို ရွတ်ဖတ်ပြီးနောက် 'တောထဲမှာ ရှိသမျှ ငါ့အမျိုးအနွယ်တွေ အကုန်လာရောက်စေ'ဟု ဆင့်ခေါ်လိုက်ရာ ရာပေါင်းများစွာသော မြေခွေးများ ရောက်လာကြသည်။

မန္တန်ရှင်မြေခွေးကို အရိုအသေပြုကာ ပေးလာမည့်တာဝန်ကို ထမ်းဆောင်ရန် အသင့်ကြိုလင့်၍ နေကြ၏။

မန္တန်ရှင်မြေခွေးသည် ထိုမြေခွေးများကို တောတွင်းရှိ ကုန်းသတ္တဝါအပေါင်းတို့ထံ အမိန့်ပြန်၍ စေလွှတ်လိုက်သည်။ မန္တန်အစွမ်းသတ္တိကြောင့် တောသုံးဝန်၏ဘုရင်ဖြစ်သော ကေသရာဇာခြင်္သေ့ကြီးများ၊ ဆင်ပြောင်ကြီးများ၊ ကျားရဲကြီးများ ရှိ၍ ရှိရှိသမျှကုန်းသတ္တဝါတို့သည် မန္တန်ရှင် မြေခွေး ရှေ့မှောက်သို့ လာရောက်ခစားကြရတော့၏။

သတ္တဝါအပေါင်း စုပြုံတက်ရောက်လာကြသော အစည်းအဝေးတွင် မန္တန်ရှင် မြေခွေးသည် သဗ္ဗဒါဌိကဟူသော ဘွဲ့နာမဖြင့် ဘုရင်အဖြစ်ကို ခံယူသည်။ သဗ္ဗဒါဌိကဟူသည်မှာ အစွယ်ရှိသော

သတ္တဝါအားလုံး၏ အရှင်သခင်ဟု အနက်အဓိပ္ပာယ်ရှိရာ တက်ရောက်လာသော သတ္တဝါအပေါင်းက ကောင်းချီးသြဘာပေးကြ၏။

ထိုအစည်းအဝေးကြီးမှာပင် သဗ္ဗဒိဋ္ဌိကမြေခွေးမင်းသည် မြေခွေးမတစ်ကောင်ကို မိဖုရားအရာ တင်မြှောက်၏။

သဗ္ဗဒိဋ္ဌိကမြေခွေးမင်းနှင့် မြေခွေးမိဖုရားကြီးတို့ တိုင်းခန်းလှည့်လည်သောအခါ အလွန်တရာ ခမ်းနားသိုက်မြိုက်လှသည်။ ဆင်ပြောင်ကြီးနှစ်စီးတို့က ဘေးချင်းယှဉ်၍ ရပ်ပေးထားကြရသည်။

ထိုအထက်မှာ ကေသရာဇာခြင်္သေ့ကြီးတစ်စီးက ကန့်လန့်ဖြတ် အနေအထားဖြင့် ရပ်ပေးထားရသည်။

ဆင်ပြောင်ကြီးတစ်စီးပေါ် လက်ထောက်ကာ ကျန်တစ်စီးပေါ်တွင် ခြေတင်ထားရသည်။ ထိုကေသရာဇာခြင်္သေ့ကြီး၏ ကျောပေါ်တွင်မှ သဗ္ဗဒိဋ္ဌိကမြေခွေးမင်းနှင့် မြေခွေးမိဖုရားကြီးတို့က ရာဇပလ္လင်ခြွေအပြည့်ဖြင့် စီးနင်းလိုက်ပါလာကြသည်။

သူ၏အခြွေအရံ တောသတ္တဝါမျိုးစုံတို့မှာ ရှေ့နောက် ဝဲယာမှ လိုက်ပါကြရ၏။

သဗ္ဗဒိဋ္ဌိကမြေခွေးမင်းသည် မိမိ၏သတ္တဝါမျိုးစုံ တပ်တော်ကြီးကို ဗာရာဏသီမြို့တော်သို့ ရှေ့ရှုချီတက်စေသည်။ တပ်လမ်းကျရာတစ်လျှောက်ရှိ လယ်ယာဥယျာဉ်တို့မှာ ထောင်းထောင်းညက်

ကြေသွားကြရသည်။ လူသူတိရစ္ဆာန် ရှိရှိသမျှပါ လွတ်ရာသို့ ထွက်ပြေးကြရသည်။ မပြေးနိုင်၍ နောက်ကျနေသူများမှာ သဗ္ဗဒါဌိက မြေခွေးမင်း၏ စစ်ရိက္ခာ ဖြစ်သွားတော့၏။

အဝန်းကျယ်လှစွာသော ကာသိတိုင်းကြီးတွင် ခုခံသူမရှိ၊ ချီတက်၍ လာခဲ့ရာ ဗာရာဏသီမြို့တော်အထိ ဆိုက်ရောက်လာသည်။ မြို့သူမြို့သားတို့သည် မြို့တံခါးများကို လုံခြုံအောင် ပိတ်ကာ ပြအိုးပစ္စင်များမှတက်၍ ကြည့်ကြသည်။

မြို့တော်၏ ပတ်လည်တွင် မျက်စိတစ်ဆုံး မြင်နေရသော သတ္တဝါမျိုးစုံကို တွေ့ရသဖြင့် ကြောက်လန့်တုန်လှုပ်သွားကြတော့၏။

ဗာရာဏသီမြို့အား ထွက်ပေါက်မရှိအောင် ဝိုင်းပတ်ထားပြီးသောအခါ သဗ္ဗပါဌိကမြေခွေးမင်းက ...

"အသင်ဗြဟ္မဒတ်မင်း၊ စစ်ချင်းယှဉ်ပြိုင် တိုက်မည်လော၊ တိုင်းပြည်ကို အပ်မည်လော" ဟု ရာဇသံပေး၏။

ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဤအရေးကို ကြိုတင်တွေးမြင်ထားပြီးဖြစ်၍ ကြောက်ရွံ့တုန်လှုပ်ခြင်း မရှိပေ။

"ဒီမြေခွေး ... မင်းရဲ့ရန်ကို ကျွန်တော်မျိုးကိုယ်တိုင် ဦးဆောင်တိုက်ခိုက် ချေမှုန်းပါမည် အရှင်မင်းကြီး" ဟု ဗြဟ္မဒတ်မင်းအား လျှောက်တင်လိုက်သည်။

မိတ်ဆွေစာပေ

ထို့နောက် ပုရောဟိတ်ပုဏ္ဏားသည် ပြအိုးပေါ်တက်၍ တစ်ဖက်ရန်သူ၏ အခြေအနေကို အကဲခတ်လိုက်ရာ ကေသရာဇာ ခြင်္သေ့ကြီးများကို ရှေ့တန်းတင်ထားသည်ကို တွေ့ရသည်။

အကယ်၍ ခြင်္သေ့ကြီးများကသာ အစွမ်းကုန် ဟောက်လိုက်ပါက ဗာရာဏသီမြို့တော်၏ အတွင်းရှိ လူများနှင့် တိရစ္ဆာန်များ နှလုံးကွဲ၍ သေပွဲဝင်ကြရမည်ဖြစ်သည်။

ထို့ကြောင့် ပြအိုးပေါ်မှ ကပျာကယာ ဆင်းလာပြီး မြို့တော်ကြီးတစ်ခုလုံးကို စည်လည်၍ ကြေညာစေသည်။ လူများနှင့်တကွ ရှိရှိသမျှ တိရစ္ဆာန်များကိုပါ နားပေါက်များတွင် မုန့်ညက်များဖြင့် ပိတ်ဆို့ထားကြရန် ဆင့်ဆိုစေသည်။

ဆင့်ဆိုထားသည့်အတိုင်း ပြုလုပ်ပြီးသောအခါ ပုရောဟိတ်ပုဏ္ဏားသည် ပြအိုးပေါ်တက်လာပြီးလျှင် ...

"အသင်မြေခွေးမင်း ... ငါတို့မြို့ကို သင်အဘယ်ကဲ့သို့ သိမ်းပိုက်အံ့နည်း" ဟု လှမ်း၍ အော်ပြောလိုက်၏။

"ဟယ် ... ပုဏ္ဏား၊ ငါ့ရှေ့က တန်းစီနေတဲ့ ကေသရာဇာ ခြင်္သေ့ကြီးများကို သင် မမြင်သလော၊ ကေသရာဇာခြင်္သေ့ကြီးတွေ ဟောက်လိုက်ရင် သင်တို့တစ်မြို့လုံး နှလုံးကွဲပြီး သေပွဲဝင်ကြရ ပါအံ့"

ဝိတ်ဆေးစာပေ

"မဖြစ်နိုင်တာကို မပြောပါနဲ့ မြေခွေးမင်း၊ ကေသရာဇာခြင်္သေ့ကြီးတွေဆိုတာ အင်မတန် အမျိုးတော်ပါဘိ။ သူတို့ရဲ့ ကိုယ်နေဟန်က ခံ့ညားထယ်ဝါကြပါဘိ၊ အနီရောင်ပြေးနေတဲ့ ခြေလက်များကြောင့် လှပတင့်တယ်နေဘိသည်။ ဒါလောက်တောင် ကျက်သရေရှိနေတဲ့ ကေသရာဇာခြင်္သေ့ကြီးများက သင်လိုမြေခွေး အိုတစ်ကောင်ရဲ့ အမိန့်အာဏာကို လိုက်နိုင်ပါမည်လော"

"ဟော့ ... ပုဏ္ဏား၊ ငါ့အကြောင်း သင် မသိသေးအံ့လော၊ သင် သေချာကြည့်ဘိ၊ ရှေ့တန်းက ကေသရာဇာခြင်္သေ့ကြီးတွေကို ငါ အသုံးမချသေးပါဘိ။ ပထမဆုံး သတိပေးတဲ့အနေနဲ့ ငါ့ရဲ့ စီးတော်ခြင်္သေ့တစ်ကောင်တည်းနဲ့ ဟောက်ပြလိုက်ရမလား"

"ကြွားမနေစမ်းပါနဲ့ မြေခွေးယုတ်ကြီးရယ်၊ လူတွေကြားရင် ရယ်စရာ ဖြစ်နေပါလိမ့်မယ်"

"ကဲ ... ဒါလောက်ရှိလှ၊ တစ်မြို့လုံး နှလုံးကွဲပြီး သေပွဲဝင်ကြပေတော့ ပုဏ္ဏား"

ဒေါသတကြီး ကြိမ်းဝါးရင်းက သဗ္ဗဒါဌကမြေခွေးမင်းသည် စီးတော်ခြင်္သေ့ကြီးအား ခြေထောက်ဖြင့် ရိုက်ခတ်၍ အမိန့်ပေးလိုက်ရာ ကေသရာဇာခြင်္သေ့ကြီးသည် စွမ်းအားအပြည့်ဖြင့် ဗာရာဏသီနန်းမြို့တော်ကြီး သိမ့်သိမ့်တုန်အောင် ဟောက်လေတော့၏။

မြို့တော်သူမြို့တော်သားများနှင့် ရှိရှိသမျှ တိရစ္ဆာန်များမှာ နားပေါက်များ ပိတ်ဆို့ထားကြသဖြင့် ထိုဟောက်သံကို ခံနိုင်ရည် ရှိနေကြသည်။

သူတို့ကဲ့သို့ ကြိုတင်ကာကွယ်မှု မပြုမထားခဲ့ကြသော တောတွင်းတိရစ္ဆာန်များမှာကား ကေသရာဇာခြင်္သေ့ကြီး၏ ဟောက်သံကြားရသည်နှင့်တစ်ပြိုင်နက် ရှန်းရင်းဆန်ခတ်ဖြစ်ကုန်ကြတော့၏။

စီးတော်ခြင်္သေ့ကြီးအောက်မှ ဆင်ပြောင်ကြီးများသည်ပင် ဆောက်တည်ရာမရ အတင်းတိုးဝှေ့၍ ပြေးကြရာ သူတို့အပေါ်မှာ ရှိလေသမျှ ဦးစောက်ပြောင်းပြန် ပြန်လိမ့်ကျကြလေတော့၏။

ကေသရာဇာခြင်္သေ့ကြီး၏ဟောက်သံကြောင့် ကြောက်လန့်တကြား ပြေးလွှားရင်း တိုက်ခိုက်တက်နင်းကြသဖြင့် ဝိုင်းလာသမျှ တိရစ္ဆာန်များ အတုံးအရုံးသေဆုံးကုန်ကြလေသည်။ ကေသရာဇာ ခြင်္သေ့ကြီးများသာ ဘေးကင်းရန်ကင်းနှင့် တောတွင်းသို့ ဝင်သွားနိုင်ကြသည်။

သဗ္ဗဒါဌိကမြေခွေးမင်းနှင့် မြေခွေးမိဖုရားကြီးတို့မှာလည်း သူတို့၏ ကျေးတော်မျိုး ကျွန်တော်မျိုးကြီးများက တက်နင်း၍ သွားကြသဖြင့် ခေါင်းပြား၍ သေကြရ၏။

ထိုအရေးအခင်းများ ပြီးစီးသွားသောအခါ ပုရောဟိတ်ပုဏ္ဏား

သည် နားပေါက်၌ ဆို့ပိတ်ထားသော မုန့်ညက်များကို ပြန်ထုတ်စေသည်။ မြို့တံခါးများကိုလည်း ဖွင့်စေသည်။

ထိုအခါ မြို့သူ မြို့သားတို့သည် မြို့တော်ပတ်လည်တွင် အတုံးအရုံး သေဆုံးနေ ရစ်ကြသော တိရစ္ဆာန်များကို ခုတ်ထစ် ဖြတ်တောက်၍ ယူကြလေသတည်း။

*(သဗ္ဗဒါဌိဇာတ်၊ ဒုကနိပါတ်)*

# သူတော်စင်ကြီး၏ ကောက်ရိုးတစ်မျှင်

သူတော်စင်ရသေ့ကြီး ဤတောရွာကလေး၌ သီတင်းသုံးလာသည်မှာ ကြာပေပြီ။ အနေကြာလာသည်နှင့်အမျှ ကျောင်းဒါယကာသူကြွယ်၏သဒ္ဓါတရားကလည်း ပိုမိုထက်သန်လာ၏။

ရသေ့ကြီးကို စတင်ဖူးမြော်ရစဉ်ကပင် သူကြွယ်သည် ကြည်ညိုစိတ်များ ဖြစ်ပေါ်လာသဖြင့် မိမိတို့ရွာကလေးသို့ ပင့်ဆောင်၍ တောရကျောင်းကလေး ဆောက်လုပ်ကိုးကွယ်ထားသည်။ ရသေ့ကြီးအတွက် လိုအပ်သမျှသော ပစ္စည်းလေးပါးတို့ကိုလည်း ထောက်ပံ့လှူဒါန်းလျက်ရှိ၏။

ထိုသို့ ဆရာဒါယကာပြေလည်စွာ ဆက်ဆံလာခဲ့သလို

ကြားကပင် ဆရာရသေ့ကြီးသည် ဆွမ်းခံချိန်မဟုတ်ပါဘဲလျက် မိမိအိမ်သို့ ကြွလာ၏။

"ဒါယကာ ... ငါ တခြားကို သွားတော့အံ့။ ဒါကြောင့် ဒါယကာထံ ငါလာ၍ ပန်ကြားခြင်း ဖြစ်ပါဘိ"

အိမ်သို့ရောက်လျှင် ရောက်ချင်း ဤသို့ မိန့်ကြားလိုက်ရာ ဒါယကာသူကြွယ်မှာ ထိတ်လန့်တကြား ဖြစ်သွား၏။

"အရှင်ဘုရား ... ဘယ်လိုအကြောင်းကြောင့်ပါလဲဘုရား"

"တခြားအကြောင်း မရှိပါဘိ၊ ဒါယကာတို့ကျောင်းမှာ ငါ နေလာခဲ့တာ အတန်ပင် ကြာမြင့်ချေပြီ။ သင်နဲ့ငါ ရင်းနှီးကျွမ်းဝင်လို့လာကြဘိပြီ။ ရသေ့ရဟန်းနဲ့ လူများ အကျွမ်းတဝင် ရင်းနှီးလွန်းခြင်းဟာ တကယ်တော့ တရားကျင့်သုံးမှုရဲ့ အညစ်အကြေးပဲ မဟုတ်ပါလား ဒါယကာကြီး"

"အရှင်ဘုရား၊ ဒီအကြောင်းလောက်နဲ့တော့ တခြားကြွတော် မမူပါနဲ့၊ အရှင်ဘုရားအတွက် အညစ်အကြေး မဖြစ်ရလေအောင် တပည့်တော်တို့ ဆင်ခြင်နေထိုင်ပါ့မယ်ဘုရား"

"ဒါယကာ သံယောဇဉ်ဆိုတာ မတွယ်ခင်က ဖြတ်တာကောင်းဘိ၊ ဒါကြောင့် ငါတို့ကတော့ သံယောဇဉ်ရှိသမျှကို တစ်ခါတည်း ဖြတ်ခဲ့ဘိပြီ။ ဘာကိုမှ တွယ်တာမနေချင်တော့ပါဘိ"

ထိုသို့ ယတိပြတ်စကား ပြောကြားလိုက်သဖြင့် ကျောင်းဒါယကာသူကြွယ်မှာ ဆက်လက်၍ မတားသာတော့သဖြင့် ...

"ကြွလိုရာ ချမ်းသာစွာ ကြွတော်မူပါတော့ဘုရား"ဟု လျှောက်ထားလိုက်ရ၏။

မိမိကြည်ညိုလေးစားစွာ ကိုးကွယ်ထားသော သူတော်စင်ကြီးက မိမိတို့ရွာကလေးကို ကျောခိုင်းသွားပြီဖြစ်၍ သူကြွယ်မှာ အလွန်ဝမ်းနည်းမိသည်။ ယခုတော့ ဗာရာဏသီမြို့တော်မှ မိတ်ဆွေတစ်ယောက် ရောက်နေ၍သာ ဟန်လုပ်ပြောဆိုလိုက်ရ၏။

မိတ်ဆွေဖြစ်သူမှာ ဗာရာဏသီမြို့တော်သားဖြစ်ရုံမျှ မကလူသူလေးပါးတို့နှင့် အကျွမ်းတဝင် ဆက်ဆံလာခဲ့ရသဖြင့် လူအမျိုးမျိုးတို့၏ အပြုအမူကို အကဲခတ်ကာ အတွင်းစိတ်ဓာတ်ကို သုံးသပ်ဆင်ခြင်နိုင်သည်။

ထို့ကြောင့်ပင် မိမိနှင့် ဆက်ဆံခဲ့ဖူးသောသူတို့နှင့် ဆက်စပ်ရာအကြောင်းခြင်းရာများကို ပြောကြားနေသည်။

ထိုစဉ်မှာပင် တောကျောင်းကို အပြီးအပြတ် နှုတ်ဆက်၍ထွက်ခွာသွားသော ရသေ့ကြီးသည် သူကြွယ်၏အိမ်ဝသို့ ရောက်လာပြန်သည်။

အံ့ဩဝမ်းသာခြင်းတို့ဖြင့် တစ်ကိုယ်လုံး တုန်လှုပ်နေသော

သူကြွယ်သည် အံ့သြဝမ်းသာခြင်းတို့ဖြင့် တစ်ကိုယ်လုံး တုန်လှုပ်နေသော သူကြွယ်သည် သူတော်စင်ရသေ့ကြီးအား ခင်းထားသောနေရာသို့ ပင့်ဆောင်သည်။ သို့သော် ရသေ့ကြီးက ထိုနေရာသို့ လိုက်၍မထိုင်ပေ။

"ဒါယကာ သင်တို့အိမ်က ထွက်လာတုန်းက သင့်အိမ်တံစက်မြိတ်က မြက်တစ်မျှင်ဟာ ငါ့ဆံကျစ်ကြားမှာ ညှပ်ပါလာခဲ့တယ်။ သူမပေးတဲ့ ပစ္စည်းဆိုတာ မြက်တစ်မျှင်ကစပြီး ငါတို့လို ရသေ့များနဲ့ မအပ်စပ်ဘူး။ ဒါကြောင့် သင်ဒါယကာရဲ့ ဥစ္စာဖြစ်တဲ့ မြက်တစ်မျှင်ကို လာပေးခြင်း ဖြစ်ပါဘိ"

ရသေ့ကြီးသည် ပြောပြောဆိုဆို ဆံကျစ်ကြားမှ မြက်မျှလေးကို ဆွဲယူ၍ ပေးလိုက်ရာ သူကြွယ်ကြီးမှာ ရသေ့ကြီး၏ ခြေစုံကို ဦးခိုက်၍ မဝနိုင်အောင် ဖြစ်နေ၏။ ရသေ့ကြီး ပြန်ထွက်သွားသောအခါ သူကြွယ်ကြီးမှာ ချီးကျူး၍မဆုံး ဖြစ်နေသည်။

ဗာရာဏသီမြို့မှ ရောက်လာခဲ့သော မိတ်ဆွေသည် အဖြစ်အပျက်အားလုံးကို မြင်လည်းမြင်၊ ကြားလည်းကြားသည်။ ရသေ့ကြီး နှုတ်ဆက်၍ ထွက်သွားစဉ်က သူပါရောက၍ ကြည်ညိုမိသလို ဖြစ်မိသည်။

သို့သော် နောက်တစ်ခေါက် ပြန်လာပြီး မြက်မျှင်ကလေး

ပေးလိုက်သည်တွင်ကား စိတ်စနိုးစနောင့် ဖြစ်လာရ၏။

"ဒီမှာ အဆွေ၊ အဲဒီရသေ့ကြီးဆီမှာ အဖိုးထိုက်တန်တဲ့ ဥစ္စာတစ်ခုခုများ အပ်ထားခဲ့မိသလော"

ဟု ရုတ်တရက် မေးလိုက်၏။

"ဘာဖြစ်လို့ မေးတာလဲအဆွေ၊ သူတော်စင်ကို အထင်မများပါနဲ့ ... ငရဲကြီးတတ်ပါဘိအဆွေ၊ ကျွန်ုပ်ကတော့ သူ့အပေါ်မှာ သံသယဆိုလို့ မြူတစ်မှုန်တောင် မရှိဘိ။ ဒါကြောင့်လည်း သူနေတဲ့ တော်ရကျောင်းဝင်းထဲမှာ ရွှေစင်နိက္ခတစ်ရာတိတိကို မြှုပ်နှံထားခဲ့ပါဘိ၏"

"များလှချေလားအဆွေ၊ ရွှေစင်နိက္ခတစ်ရာဆိုတာ ရွှေဒင်္ဂါး လေးသိန်းတန်ဘိ၏"

"ဟုတ်ပါဘိအဆွေ၊ ခိုးသူရဲ့ရန်ကို စိုးရိမ်ရလို့ ကျောင်းဝင်းထဲ သွားမြှုပ်ရဘိ။ ဒါပေမဲ့ ရသေ့ကြီးက အနည်းငယ်မျှပင် စိတ်ဝင်စားမှု မရှိပါအဆွေ။ ကျွန်ုပ်က ...

"အရှင်ဘုရား ရွှေဒင်္ဂါးတွေကို တစ်စိတ် လောက် ဂရုစိုက်ပေးတော်မူပါ" လို့ လျှောက်လိုက်တော့ ...

ရသေ့ကြီးက ...

"ဒါယကာ ရွှေငွေဆိုတာ ရသေ့ရဟန်းများနဲ့ လုံးဝ မအပ်

စပ်တာမို့ ဒါတွေနဲ့ မပတ်သက်ပါရစေနဲ့ ဒါယကာလို့ တောင်မိန့်ကြားခဲ့ပါသေးဘိ"

"ဒီလောက်တောင် တော်သားလာရင် သတိသာထားပေတော့အဆွေ။ ဒီတော့ လက်တွေ့သိရအောင် မြှုပ်ထားတဲ့နေရာကို သွားတူးကြည့်ပေတော့"

"ကောင်းဘိ ... တူးကြည့်ရတာပေါ့"

မိတ်ဆွေ၏စကားကို မယုံစားသော်လည်း ရသေ့ကြီးဘက်က သက်သေထူနိုင်ရန် သူကြွယ်သည် မိတ်ဆွေနှင့်အတူ မြှုပ်ထားသည့်နေရာသို့သွား၍ တူးဖော်လေရာ ရွှေများအားလုံး မရှိတော့ပေ။ တူးဖော်ပြီး ပြန်ဖို့ထားသော မြေသားများသာ ရှိတော့၏။ ရွှေပိုင်ရှင်သူကြွယ်မှာ အံ့ဩတုန်လှုပ်သွားတော့၏။

"ကဲ ... ဘယ်လိုများ လုပ်ရမလဲအဆွေ"

"လွယ်ပါဘိ ... အဆွေရဲ့ သူတော်စင်ကြီးကို အမိလိုက်ဖမ်းပြီး ရိုက်စစ်လိုက်ရုံပေါ့အဆွေ"

မိတ်ဆွေ၏အကြံပေးလိုက်သည့်အတိုင်း သူကြွယ်သည် မိမိလူများနှင့် အတင်းလိုက်ဖမ်းရာ သူတော်စင်ယောင်ဆောင်နေသော ရသေ့ကြီးကို ဖမ်းမိကြလေသည်။

ရသေ့ကြီး၏ ဒေါက်ချာနှင့် လျှောတေသက်နှးများကို ချွတ်

ဓာပြီး ရိုက်နှက်စစ်ဆေးကြရာ သူတော်ကြီးက ...

"ဒါလောက်ဥစ္စာဆိုရင် လူ့ဘဝမှာ ကောင်းစွာအသက်မွေး လို့ ရပြီမို့ ကြံခဲ့မိပါဘိ၏"

ဟု ထုတ်ဖော်ဝန်ခံကာ နေရာရွှေ့၍ မြှုပ်ထားသော ရွှေဒင်္ဂါး အားလုံးကို ပြန်ပေးလေသတည်း။

*(တုတတဇာတ်၊ ကေနိပါတ်)*

## အရှင်ဉာဏိန္ဒ(ဘီအေ-သမိုင်း)